မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၇ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



လက်ခံတွေ့ဆုံ

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန် ဆောင် ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံအစိုးရနှင့် လွှတ်တော်များအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၀/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၆ ရက်)

ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉)တို့အရ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် ဦးချန်မောင်တို့အား သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်းအညွှန်း

လေယာဉ်မောင်းနှင်နေသူ ခင်ပွန်းသည် ရုတ်တရက်သေဆုံး၊ ဇနီးဖြစ်သူ အဘွားအိုက လေယာဉ်အား အရေးပေါ်ဆင်းသက်နိုင်ခဲ့ စာ-၆

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ စာ-၈



ပင်လယ်အတွင်းမျောပါနေသော ဂျပန်တစ္ဆေသင်္ဘော အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က ပစ်ခတ်နှစ်မြှုပ် စာ-၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရှေ့) (သတင်းစဉ်)

မဟာသင်္ကြန်ရက်များတွင် လှော်ကားဥယျာဉ် ပိတ်မည်

ရန်ကုန် ဧပြီ ၆

လှော်ကားသဘာဝဥယျာဉ်ကို နေ့စဉ် ပုံမှန်ဖွင့်လှစ်ထားသော်လည်း ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ မဟာသင်္ကြန်ရက်များတွင် ဥယျာဉ်ပိတ်၍ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)တွင် ဥယျာဉ်ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅း၂၀	MRTV-4 သတင်း
၅း၄၀	**ဓမ္မာနုပဿနာသတိပဋ္ဌာန်** တရားတော် (ဆရာတော် ဦးဃောသိတ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရှင်ခုနှ်သံ** (အပိုင်း-၄၄)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၁၂၁)
၁၁း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၄)
၂း၀၀	MRTV-4 သတင်း
၂း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၁၂၀)
၃း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၄)
၆း၀၀	MRTV-4 သတင်း
၆း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရှင်ခုနှ်သံ** (အပိုင်း-၄၅)
၇း၂၀	MRTV -4 မြန်မာ့ရိုးရာသင်္ကြန်
၇း၄၅	ခါသင်္ကြန်အဆိုအကများ
၈း၀၀	MRTV -4 သတင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၁၂၂)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Sunderland - Spurs	(Star Sports)
၈း၂၅	Chelsea - Wigan	(ESPN)
၈း၂၅	Liverpool - Aston Villa	(Star Sports)
၁၀း၅၅	Stoke City - Wolves	(Star Sports) (MRTV-4)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆-၄-၂၀၁၂

မကွေးမြို့	၀ ဒသမ ၉၈ လက်မ
မိုင်းဆတ်မြို့	၀ ဒသမ ၉၄ လက်မ
မချမ်းဘောမြို့	၀ ဒသမ ၄၇ လက်မ

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ကိုရီးယားဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok ဦးဆောင်သောအဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်း၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ သတ္တုသယံဇာတများ ရှာဖွေတူးဖော်ထုတ်လုပ်ရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ ခေတ်မီသတ္တုတူးဖော်ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာရပ်များကို လေ့ကျင့်သင်ကြားရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌအား ဆွီဒင်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း အေဂျင်စီမှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၆

ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေအား ဆွီဒင်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း အေဂျင်စီမှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်Mr.Bengt Ekman သည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင် အမှတ်(၁) ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာလွှတ်တော်ကိုယ်စားလှယ်များ ဆွီဒင်ပါလီမန်သို့ သွားရောက်လေ့လာနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။ **(သတင်းစဉ်)**

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးမည်

ရန်ကုန် ဧပြီ ၆

ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်တွင် ပြည်သူများ ဇီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် ဥပ္ပါတသန္တိစေတီတော်(မာလိနီရေကန်တော်၊ နေပြည်တော်)၊ ကမ္ဘာအေးကုန်းမြေ (မင်္ဂလာကန်တော်ကြီး)၊ရွှေပြည်သာမြို့နယ်(သာဓုကန်ဘုရား)၊ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား (သွေးဆေးကန်)၊ စွယ်တော်မြတ်စေတီတော်၊ ကျောက်တော်ကြီးဘုရားနှင့် ရေချိုငါးဥယျာဉ် (ကန်တော်ကြီး)တို့၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲအောက်ရှိ ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်) ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းစခန်း(လှော်ကား)၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းနှင့် ကန်တော်ကြီးရေချိုငါးဥယျာဉ်တို့မှ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ရောင်စုံငါးကြင်း၊ ငါးတန်စသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါ ငါးသားပေါက်များကို ကောင်ရေ ၁၀၀၀ နှင့်အထက် ကြိုတင်မှာယူလိုသူများ ဖုန်း-၀၆၇-၄၁၆၅၄၉၊ ၀၁-၆၄၇၅၁၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉၊ ၅၅၅၆၁၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၂ ခုနှစ် ဧပြီ ၇ ရက်)

တန်ခူးလရက်မြတ်ချိန်ခါ ကုသိုလ်ဒါနပြုကြသူဗျာ

နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးတော့မည်။ နှစ်ဟောင်းက အညစ်အကြေးများ နှစ်သစ်သို့ ပါမလာရလေအောင် သင်္ကြန်ရေလောင်း၍ ဆေးကြောသမှု ပြုကြတော့မည်။ အကုသိုလ်အညစ်အကြေးများ ကင်းပါစေ၊ ပျောက်ပါစေဟူသော သဘောဖြင့် တစ်ဦးနှင့်တစ်ဦး အတာရေဖြင့် ဖျန်းပက်ဆေးကြောကြသည်။ ဤသည်ကို သင်္ကြန်ပွဲတော်ဟု ရှေးပညာရှိတို့က ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

လူတို့သည် ပုထုဇဉ်တို့သဘော ကောင်းတာပြုကြသလို မကောင်းတာလည်း ပြုနိုင်၏။ ထိုမကောင်းမှုများကို အညစ်အကြေးဟုဆိုခြင်းဖြစ်၏။ မြန်မာလူမျိုးတို့သည် နှစ်ဟောင်းက အညစ်အကြေးများ နှစ်သစ်သို့ သယ်ဆောင်သွားလေ့မရှိကြပေ။ ထို့ကြောင့်ပင် အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ကြသလို ကုသိုလ်အမျိုးမျိုး၊ ဒါနအဖုံဖုံပြုကြလျက် အညစ်အကြေး အကုသိုလ်များကို ဆေးကြောသန့်စင်လေ့ရှိကြသည်။

သင်္ကြန်ကာလသို့ ရောက်ပြီဆိုလျှင် ထူးခြားသည့်ကုသိုလ်တစ်ခုမှာ သာသနာ့အမွေ ခံယူကြခြင်းပင်ဖြစ်၏။ အမျိုးသားများက ဒုလ္လဘရဟန်းခံကြသလို အမျိုးသမီးများက သီလရှင်ဝတ်ကြသည်။ တရားစခန်းဝင်ကြသည်။ ဤကုသိုလ်မျိုးသည် လွန်စွာထူးမြတ်၏။ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ တရားနာယူခြင်း၊ ဒါနပြုခြင်း စသောကုသိုလ်ကောင်းမှု အဖြာဖြာတို့ကြောင့် မကောင်းမှုအကုသိုလ် အညစ်အကြေးများ ကင်းသွားရလေသည်။ ဘာသာရေးအဆုံးအမ၊ ဘာသာရေးဗဟုသုတများလည်း တိုးပွားရရှိလာသဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေနိုင်၏။

အချို့သောသူများမှာ သင်္ကြန်ကာလအတွင်း အထူးတရားစခန်းများ ဝင်ကြလေ့ရှိသည်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ဟူသည့် ကုသိုလ်သုံးမျိုးရှိသည့်အနက် တရားစခန်းများဝင်ခြင်းသည် ဘာဝနာကုသိုလ်ပင်ဖြစ်သည်။ ထိုကုသိုလ်သုံးမျိုးအနက် ဘာဝနာကုသိုလ်သည် အမြတ်ဆုံးကုသိုလ်ဟု ဆရာတော်များက မကြာခဏ ဟောကြားလေ့ရှိသည်။ ထို့ကြောင့်ပင် သင်္ကြန်ကာလအတွင်း ဘုရား၊ ကျောင်းကန်များသို့ သွားရောက်ကာ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများအားထုတ်ခြင်းတို့သည် မြတ်သောကုသိုလ်ကောင်းမှုများပင် ဖြစ်ပါသည်။

တစ်ဖန် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအသီးသီးတို့၌ သင်္ကြန်ရက်အတွင်း စတုဒိသာများ ကျွေးမွေးလေ့ရှိကြပါသည်။ ထမင်း၊ ဆန်ပြုတ်၊ မုန့်ဟင်းခါး၊ ရွှေရင်အေး စသည်ဖြင့် စတုဒိသာများ အယုတ်အလတ်အမြတ်မရွေး ဧည့်ခံကျွေးမွေးကြပါသည်။ ဤသည်မှာလည်း သင်္ကြန်ကာလ၏ ကုသိုလ်ထူးတစ်မျိုးပင်ဖြစ်ပါသည်။

မြန်မာနှစ်သစ်ကူးနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးရွယ်အို အမိအဖတို့အား သားသမီးမြေးမြစ်များက ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်း၊ ငွေကြေးနှင့် ဆေးပစ္စည်းများ ပေးကမ်းလှူဒါန်းခြင်းစသော ကုသိုလ်များကိုလည်း ပြုကြလေ့ရှိပါသည်။ ဤနှစ်ဆန်းတစ်ရက်နေ့တွင် သက်လွှတ်ပွဲများလည်း ကျင်းပလေ့ရှိပါသည်။

သို့ဖြစ်၍ သင်သည်လည်း နှစ်ဟောင်းက အညစ်အကြေးအကုသိုလ်များ နှစ်သစ်တွင် ပါမသွားရလေအောင် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့အနက် တစ်ခုခုကိုပြုထိုက်ပေသည်။ နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့် ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြစေရန် ကုသိုလ်များ ထုံမွမ်းလျက် ကုသိုလ်ပွားများစေခြင်းငှာ တိုက်တွန်းလိုက်ရပါသည်။ ။

◆ ကျောဖုံးမှ

တိုးမြှင့်နိုင်ရန် ကြိုးပမ်းမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများအပေါ် ဘက်စုံကဏ္ဍစုံမှ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် အစွမ်းကုန် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok နှင့် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် Korea-Myanmar Economic Cooperation Forum 2012 တွင် ကိုရီးယား-မြန်မာဆက်ဆံမှု မှတ်တမ်းဓာတ်ပုံများနှင့် ကိုရီးယားယဉ်ကျေးမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Korea- Myanmar Economic Cooperation Forum 2012 တွင် ကိုရီးယား - မြန်မာဆက်ဆံမှု မှတ်တမ်းဓာတ်ပုံများနှင့် ကိုရီးယားယဉ်ကျေးမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၇-၄-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၂း၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ဆွဲစားမယ်** ရန်အောင်၊မြင့်မြတ်၊မယ်လိုဒီနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ကျော်ဇောလင်း)

၁၄း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၁၄)

ညပိုင်း

၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သူရဲကောင်းလေး ကျွန်မချစ်သူ** (အပိုင်း-၁၀)

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်** (အပိုင်း-၁၀)

၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးရဲ့လင်းသံစဉ်** (အပိုင်း-၁၆)

**လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၅) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၅) သူရတပ်ခွဲ သင်တန်းဆင်းပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၅)သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကလောတပ်နယ်မှူး၊ ဗထူးတပ်နယ်မှူးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၅)သူရတပ်ခွဲမှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်- ၁၄၀ ဗိုလ်လောင်းရဲမြင့်ချိုအား ငွေဓားဆုချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

အမှာစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းတို့နှင့်အတူ ရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းရဲမြင့်ချိုနှင့် ၎င်း၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ကိုရီးယား Economic Delegation သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၆

မြန်မာ-ကိုရီးယား Economic Delegation နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy မှ ဒုတိယဝန်ကြီး Mr. Cho Seok နှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Kim Hae- Yong နှင့် ပြည်တွင်း သတင်းဂျာနယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy မှ ဒုတိယဝန်ကြီး Mr. Cho Seok က အမှာစကားပြောကြားပြီး ကိုရီးယား စီးပွားရေး လုပ်ငန်းရှင်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့်စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ-ကိုရီးယား Economic Delegation နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

အင်းစိန်စာပေနှင့်စာနယ်ဇင်းအဖွဲ့ လေ့လာရေးခရီး

ရန်ကုန် ဧပြီ ၆

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မွန်ပြည်နယ်ဒေသ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်တွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က အမှတ်တရ အလံပေးအပ်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က ကျိုက်သလ္လံစေတီတော် ရင်ပြင်တော်ဓမ္မာရုံ၌ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိတောင်တွင်းကြီး)နှင့် စာရင်းစစ် ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)တို့က အမှတ်တရအလံပေးအပ်ရာ မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းသန်း (မောင်စာလေး)နှင့် အမှုဆောင်များက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

မြန်မာ့ရုပ်မြင်သံကြား

၇-၄-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောညပွါတသန္တိပါဠိတော်
၇း၂၀ နံနက်ခင်းသတင်း

နေ့လယ်ပိုင်း

၁၂း၀၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၄၅ ခါသကြိန်အဆိုအကများ

ညပိုင်း

၄း၁၀ ခါသကြိန်အဆိုအကများ
၄း၄၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၀ ဆေးဝါးယဉ်ပါးမှုအန္တရာယ် ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ ရုပ်မြင်ပြဇာတ်အစီအစဉ်
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပုံ** (အပိုင်း-၂၇)
၈း၀၀ ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်သောအဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung လည်း တက်ရောက်သည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ကုန်သွယ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း မြန်မာ-ကိုရီးယားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၁၂)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် (၂၀၁၂) နေပြည်တော်၌ကျင်းပ

နေပြည်တော် ဧပြီ ၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကိုရီးယားသမ္မတနိုင်ငံ Knowledge Economy ဝန်ကြီးဌာနတို့ပူးပေါင်းကျင်းပသည့် မြန်မာ-ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (၂၀၁၂)ကို ယနေ့ နံနက် ၉ နာရီ ၅၅ မိနစ်တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Banquet Hall ၌ ကျင်းပသည်။

အဆိုပါ မြန်မာ-ကိုရီးယားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၁၂)သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong လည်း တက်ရောက်သည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ KOTRA ဥက္ကဋ္ဌ Mr. Oh Young-Ho နှင့် MaeKyoung Media Chairman Mr. Chang Dae Whan တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ဒုတိယဝန်ကြီး Mr. Cho Seok က အမှာစကား ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက Investment Environment of Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ထွေးထွေးချစ်က Major Economic Development Plan and Policy ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသောင်းစုငြိမ်းက Business Opportunities and Potential ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Korea Development Institute မှ Executive Director Mr. CHO, Byung-Koo က Korea's Economic Development and Its Future ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Korea Electric Power Corporation မှ Vice President Mr. LEE. Sun-Min က Powering the World,Sharing the Future ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Daewoo International မှ S.E. Vice President Mr.Yang, Su-Yeong က Being a Pioneer in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးကြပြီး မြန်မာ-ကိုရီးယားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ကိုရီးယားကုန်သည်နှင့် စက်မှုအသင်းချုပ် (KCCI)မှ Mr. Sohn Kyung Shik တို့က နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ Solar Power Generator လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက Generator ဆိုင်ရာ စာရွက်စာတမ်းများကို စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်ထံ ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ကိုရီးယား-မြန်မာ Construction Infrastructure Project Meetings များကို MICC ၌ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ KOTRA ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်လာကြသူများအား MICC ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးသာဘန်းပါ (၂၁)ဦးတို့က လျှောက်ထားသည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပါတီတည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် ဧပြီ ၆ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာမည်

နေပြည်တော် ဧပြီ ၆

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မကွေးမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၉၄ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဆုချီးမြှင့်

လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက် ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၇ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်က သင်တန်းတွင် ထူးချွန်ဆုရရှိသောကလေးများအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Huynh Ngoc Son ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chu Cong Phung လည်း တက်ရောက်သည်။

ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ **H.E. Mr.Huynh Ngoc Son** အား နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အလိမ္မာ စာမှာရှိ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေများကို ကျေညက်အောင်လေ့လာ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုရရှိရေး ကြိုးစားဆောင်ရွက်

နေပြည်တော် ဧပြီ ၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၅ ရက် ညနေ ၄ နာရီခွဲတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ် ဦးစီးဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဌာနလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေများကို ကျေညက်အောင်လေ့လာ၍ ဥပဒေများအတိုင်း ရပ်တည်ဆောင်ရွက်ရန်၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုရရှိရေး ကြိုးစားဆောင်ရွက်ရန်၊ လက်အောက်ဝန်ထမ်းများနှင့်ဆက်ဆံရာတွင် မိဘနှင့်သားသမီးစိတ်ထားရန်နှင့် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးအုန်းသန်းက လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေရိုင်း ဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်၍ လုပ်ထုံးလုပ်နည်းဥပဒေ ထုတ်ပြန်နိုင်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်ဇော်က ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနဝန်ထမ်းများအနေဖြင့် လုပ်ထုံးလုပ်နည်းမှန်ကန်စွာဖြင့် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရေးကိစ္စများကိုလည်းကောင်း မှာကြားကြသည်။

ဆက်လက်၍ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက မှာကြားချက်များကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြေယာဥပဒေကို ကျေးလက်ပြည်သူများ သိရှိရန် တစ်နိုင်ငံလုံးရှိ ကျေးရွာများအရောက် ဖြန့်ဝေသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေး

နေပြည်တော် ဧပြီ ၆

ရခိုင်ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း ဦးဆောင်သော အဖွဲ့ဝင် (၃)ဦးနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင် တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ခိုင်သုခ ဦးစီးသော ကိုယ်စားလှယ်အဖွဲ့တို့သည် ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေဟိုတယ်၌ နှစ်ဦးနှစ်ဖက်သဘောတူညီမှုများအား ပြေလည်မှုရရှိသည်အထိ ညှိနှိုင်းခဲ့ကြသည်။

၎င်းနောက် ဧပြီ ၅ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် စစ်တွေဟိုတယ်၌ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နှစ်ဦးနှစ်ဖက်သဘောတူညီခဲ့သော အောက်ပါအချက်များအား ပြည်နယ်ဝန်ကြီးချုပ်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ခဲ့ကြသည်-

(က) တပ်မတော်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီတို့သည် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှစ၍ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန်၊

(ခ) နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆို၊ ဆက်ဆံ၊ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နှစ်ဖက်သဘောတူညီသော အောက်ဖော်ပြပါနေရာများတွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၏ ဆက်ဆံရေးရုံးများကို ဖွင့်လှစ်ရန်၊

(၁) ပလက်ဝ

(၂) ကျောက်တော်

(ဂ) အပစ်အခတ် ရပ်ဆိုင်းထားစဉ်ကာလအတွင်း နှစ်ဦးနှစ်ဖက် သဘောတူညီထားသောနေရာများမှအပ နယ်မြေကျော်လွန်၍ လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရန်၊

(ဃ) အပစ်အခတ်ရပ်စဲသွားစဉ်ကာလအတွင်း ရခိုင်ပြည်လွတ်မြောက်ရေးပါတီဝင်များအား လက်နက်ကိုင်ဆောင်ခြင်း မပြုဘဲ လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုရန်၊

(င) ပြည်ထောင်စုအစိုးရက ဖွဲ့စည်းသည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့များသည် နှစ်ဦးနှစ်ဖက် သဘောတူညီသော နေရာ၊ သဘောတူညီသော အချိန်ကာလတွင် ရခိုင်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များ ဖော်ဆောင်နိုင်ရေးအတွက် ဆက်လက်တင်ပြ ညှိနှိုင်းဆွေးနွေးသွားကြရန်။

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကိုယ်စားလှယ်အဖွဲ့အား လက်ဆောင်ပစ္စည်းများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်များအား လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးကျောက်ချောလမ်းသစ် ရွှေကူ၌ဖွင့်

ရွှေကူ ဧပြီ ၆

ရွှေကူမြို့ရှိ ရွှေကူး-ဝေဒူးကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၉ ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့် ပတ်သက်သော အချက်အလက်များကို တင်ပြသည်။ ထို့နောက် လမ်းလှူရခြင်းအကြောင်းကို ဆွေးနွေးပြောကြားကာ ရပ်မိ ရပ်ဖ ဦးအောင်ချိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ကျောက်ချောလမ်းသစ်မှာ အလျား ပေ ၄၅၀၀၊ အကျယ် ၁၂ ပေရှိပြီး အလှူရှင် ဦးကုလား(ပင်းယသူ အုတ်လုပ်ငန်း)က ကျပ်သိန်း နှစ်ရာငါးဆယ် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

❍ ကျောဖုံးမှ

ရေပူဖောင်းတွေ တစ်လုံးကို ငါးဆယ်ကျပ်နဲ့ ရောင်းချလာကြပါတယ်။ ကလေးကစားစရာဆိုပေမယ့် သင်္ကြန်ရောက်လာရင် ကလေးရော လူကြီးတွေပါ အရင်လိုရေပူဖောင်းတွေနဲ့ ရေပက်ခံကားတွေကို ပစ်ပေါက်ကစားရင် အရမ်းကို အန္တရာယ်ရှိနိုင်ပါတယ်”ဟု မြင်တွေ့သူတစ်ဦးက ပြောကြားသည်။

ပြောကြား

ယခုနှစ်အတွင်း ရေပူဖောင်းဖြင့် ရေကစားမှုများကို တားမြစ်သည့် စည်းကမ်းချက်များအား နေရာတိုင်းမှာ ဆောလျင်စွာ အသိပေးထားကြရန် လိုအပ်သည့်အပြင် ရောင်းချသူများအားလည်း စည်းကမ်းတင်းကျပ်ရန် လိုအပ်နေပြီဖြစ်ကြောင်း နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။

“ရေပူဖောင်းကြောင့် ပြီးခဲ့တဲ့ ဆယ်စုနှစ်လောက်က ဒုက္ခရောက်တဲ့သူတွေ အများကြီးကြုံခဲ့ရတယ်။ မျက်စိကိုမှန်မိရင် မျက်စိအကြီးအကျယ် ထိခိုက်ပြီး မျက်ကြည်လွှာကိုပါ အန္တရာယ်ပေးနိုင်သလို နားကိုမှန်ရင်လည်း နားပြည်ယိုမှုတွေ၊ နားကိုက်မှုတွေအပြင် နားစည်ပေါက်ပြီး အကြားအာရုံထိခိုက်သွားတဲ့အထိ ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ အဲလိုထိခိုက်မှုတွေအများကြီး ကုသပေးခဲ့ရဖူးတယ်” ဟု နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးမှ တာဝန်ကျဆရာဝန်တစ်ဦးက ပြောကြားသည်။

ရေပူဖောင်းသည် သာမန်ကလေးများ ဆော့ကစားသည့် ရော်ဘာအပျော့ပူဖောင်းများထက် အရွယ်အစားသေးငယ်ကာ လက်ရှိတွင် ရန်ကုန်မြို့ရှိ ဈေးများနှင့် စတိုးဆိုင်ငယ်အများစုတွင် ရောင်းချလျက်ရှိနေပြီ ဖြစ်သည့်အပြင် ရေပက်ကြမည့် လူငယ်များမှာလည်း ရေပူဖောင်းတွင်ကျယ်စွာပြန်လည်ရောင်းချလျက်ရှိခြင်းကြောင့် ရေကစားရန် စိတ်အားထက်သန်လျက် ရှိနေကြောင်း သိရှိရသည်။

ကာကွယ်ထားသင့်

“ရေပက်ခံထွက်မယ့်သူတွေအနေနဲ့ သတိထားသင့်ပါတယ်။ မျက်နှာသုတ်ပဝါ၊ နေကာမျက်မှန်စတာတွေကို ယူဆောင်သွားသင့်ပြီး မဏ္ဍပ်မဟုတ်တဲ့ အပျော်တမ်း စုပေါင်းရေပက်တဲ့နေရာမျိုးတွေကို သတိထားပြီး မိမိကိုယ်ကို လုံခြုံအောင် ကာကွယ်ထားသင့်တယ်” ဟု အဆိုပါ ဆရာဝန်က သတိပေးပြောကြားသည်။

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် နိုင်ငံတကာအသိုက်အဝန်းသို့ တရုတ်နိုင်ငံဆော်သြတိုက်တွန်း

ပေကျင်း ဧပြီ ၆

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ စောနိုင်သမျှစော၍ ရုပ်သိမ်းပေးပါရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအား တရုတ်နိုင်ငံက ဧပြီ ၅ ရက်တွင် တိုက်တွန်းဆော်သြလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဧပြီ ၁ ရက်က ကြားဖြတ်ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ မေးခွန်းထုတ်မေးမြန်းစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားလိုက်ခြင်း ဖြစ်သည်။

အဆိုပါကြားဖြတ်ရွေးကောက်ပွဲများသည် ၂၀၁၁ ခုနှစ် မတ်လက လက်ရှိအရပ်သားအစိုးရ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ခဲ့ပြီးနောက် ပထမဆုံးကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းကလည်း အသိအမှတ်ပြုခဲ့သည့် ရွေးကောက်ပွဲဖြစ်ပါကြောင်း ဟောင်ကပြောကြားသည်။

အဆိုပါကြားဖြတ်ရွေးကောက်ပွဲများသည် မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သလို ဒေသတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း ရရှိဖြစ်ထွန်းစေလိမ့်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ပါကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများကို ဖြေလျှော့ပေးသင့်ပြီဟု တရုတ်နိုင်ငံက သဘောထားရှုမြင်ပါကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အနေဖြင့် မြန်မာနိုင်ငံအပေါ် ယင်းတို့၏ အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပေးရန် စဉ်းစားနေကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုကိစ္စကို မိမိတို့နိုင်ငံကလည်း ကြိုဆိုပါကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ မြန်မာနိုင်ငံသည် သမိုင်းတွင်စေသည့် ကြားဖြတ်ရွေးကောက်ပွဲများကို ဧပြီ ၁ ရက်က အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။ ယင်းရွေးကောက်ပွဲများသည် လွှတ်တော်အမတ်နေရာ ၄၅ နေရာအတွက် နိုင်ငံရေးပါတီ ၁၇ ခုမှ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း ၁၅၇ ဦးတို့က ဝင်ရောက်အရွေးခံခဲ့ခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

မိုဂါဒစ်ရှူး၌ ဗုံးခွဲတိုက်ခိုက်မှု အနည်းဆုံးလူ ၁၀ ဦးသေဆုံး

မိုဂါဒစ်ရှူး ဧပြီ ၆

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ဆိုမာလီအိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် ဆိုမာလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ အပါအဝင် အနည်းဆုံး လူ ၁၀ ဦးသေဆုံးသွားခဲ့ကြောင်း ဧပြီ ၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မိုဂါဒစ်ရှူးမြို့တော်ရှိ ဆိုမာလီအမျိုးသားဇာတ်ရုံအတွင်း ဧပြီ ၄ ရက်က အသေခံဗုံးခွဲမှုကြောင့် လူ ၁၀ ဦး သေဆုံးပြီး ဒါဇင်အနည်းငယ်ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တိုက်ခိုက်

ဆိုမာလီအမျိုးသား ရုပ်မြင်သံကြားဌာန၏ ပထမအကြိမ် နှစ်ပတ်လည် အထိမ်းအမှတ်ပွဲသို့ ဆိုမာလီဝန်ကြီးချုပ် မိုဟာမက်အလီအပါအဝင် ထိပ်တန်းအစိုးရအရာရှိများ တက်ရောက်ကြပြီး ဝန်ကြီးချုပ်မိန့်ခွန်းပြောကြားစဉ် ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်မှာ ဘေးမသီရန်မခ လွတ်မြောက်သွားသော်လည်း ဗုံးခွဲမှုကြောင့် အချို့မှာ ခြေလက်စသည့် ကိုယ်ခန္ဓာ အစိတ်အပိုင်းများ နေရာအနှံ့လွင့်ထွက်ပြန့်ကြဲကုန်ကြောင်း အသက်မသေ ကျန်ရစ်သူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အစ္စရေးနိုင်ငံ အီလက်မြို့တွင်း ဒုံးကျည်ကျရောက်၊ ထိခိုက်သေဆုံးမှု မရှိဟုဆို

ဂျေရုဆလင် ဧပြီ ၆

အီဂျစ်နိုင်ငံ ဆိုင်နိုင်းကျွန်းဆွယ်မှ ပစ်လိုက်သည့် ဒုံးကျည်တစ်စင်းသည် အစ္စရေးနိုင်ငံ အီလက်မြို့အတွင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ သို့သော် ထိခိုက်သေဆုံးမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း ဧပြီ ၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အီလက်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကို ဧပြီ ၅ ရက် နံနက်စောစောပိုင်းတွင် ဒုံးကျည်တစ်စင်း ထိမှန်ကြောင်း အစ္စရေးရဲတပ်ဖွဲ့အာဏာပိုင်များက ပြောကြားသည်။

အီဂျစ်နိုင်ငံဘက်မှပစ်သည့် အဆိုပါဒုံးကျည်ကြောင့် တစ်စုံတစ်ရာထိခိုက် သေဆုံးမှု သို့မဟုတ် တစ်စုံတစ်ရာဆုံးရှုံးပျက်စီးမှုမရှိကြောင်း အစ္စရေးအာဏာပိုင်များက ပြောကြားသည်။ **(အင်တာနက်)**

လေယာဉ်မောင်းနှင်နေသူ ခင်ပွန်းသည် သေဆုံး ဇနီးဖြစ်သူက လေယာဉ်အား အရေးပေါ်ဆင်းသက်နိုင်ခဲ့

ဝစ်ကွန်ဆင် ဧပြီ ၆

အမေရိကန်နိုင်ငံတွင် လေယာဉ်မောင်းနှင်နေသူ အဘိုးအိုတစ်ဦးသည် နှလုံးရောဂါရုတ်တရက်ဖောက်ပြီး လဲကျသေဆုံးသွားသဖြင့် လေယာဉ်ငယ်ပေါ် လိုက်ပါခဲ့သော ၎င်း၏ ဇနီးဖြစ်သူ အသက် ၈၀ အရွယ်အဘွားအိုက မတတ်တတတ်ဖြင့် လေယာဉ်ကို ထိန်းမောင်းခဲ့ပြီး အရေးပေါ်ဆင်းသက်လိုက်နိုင်သည်။

အဘွားအိုဟဲလ်လင်ကောလင်းသည် လေယာဉ်ငယ်ပေါ်၌ မောင်းနှင်သူ ခင်ပွန်းသည် ရုတ်တရက်သေဆုံးသွားသော်လည်း စိတ်ဓာတ်တည်ငြိမ်စွာဖြင့် ဝစ်ကွန်ဆင်ပြည်နယ် ချယ်ရီလန်းလေဆိပ်သို့ ဆင်းသက်နိုင်ခဲ့သည်။ သူမသည် လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က လေယာဉ်မောင်းအတတ်ကို အနည်းအကျဉ်းသင်ဖူးသော်လည်း တစ်ခါနှစ်ခါခန့်သာ ကိုယ်တိုင်မောင်းနှင်မှုပြုခဲ့သူဖြစ်ကြောင်း ၎င်းအား လေယာဉ်မောင်းသင်တန်းဆရာ တစ်ဦးဖြစ်သည့် အဘွားအို ဟဲလ်လင်ကောလင်း၏သားဖြစ်သူက သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဝေဟင်အမြင့်၌ လေယာဉ်ကို မနိုင်မနင်းထိန်းမောင်း နေရသူအဘွားအို ဟဲလ်လင်ကောလင်းအား သူမ၏ သားက မြေပြင်မှနေ၍ ရေဒီယိုအဆက်အသွယ်ဖြင့် မည်သို့ မောင်းနှင်ရမည်၊ မည်သို့ ဆင်းသက်ရမည်ကို ညွှန်ကြားကူညီခဲ့ပြီး လေဆိပ်ရှိ လေယာဉ်ပြေးလမ်းပေါ် အရောက် ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ) (အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ပင်လယ်အတွင်းမျောပါနေသော ဂျပန်တစ္ဆေသင်္ဘော အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ပစ်ခတ်နှစ်မြှုပ်

ဝါရှင်တန် ဧပြီ ၆

ပြီးခဲ့သည့်နှစ် မတ်လက ဂျပန်နိုင်ငံတွင် ငလျင်နှင့်ဆူနာမီဒဏ်ကြုံတွေ့ခံစားခဲ့ရပြီးနောက် ပင်လယ်သမုဒ္ဒရာအတွင်း လူမပါဘဲ တစ်နှစ်ကျော်ကြာ မျောပါနေခဲ့သော ဂျပန်နိုင်ငံမှ သင်္ဘောတစ်စင်းကို တစ္ဆေသင်္ဘောဟု အမည်ပေးထားရာ အဆိုပါသင်္ဘောအား အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က အမြောက်ကျည်ဖြင့်ပစ်ခတ်ကာ နှစ်မြှုပ်ခဲ့ကြောင်း ဧပြီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ တစ္ဆေသင်္ဘောသည် အမေရိကန်နိုင်ငံ အလာစကာပြည်နယ်သို့ ဦးတည်မျောပါလျက်ရှိရာ အမေရိကန်စစ်သင်္ဘောတစ်စင်းက အမြောက်ဖြင့် ပစ်ခတ်ကာ နှစ်မြှုပ်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ၎င်းသင်္ဘောသည် အလာစကာပြည်နယ်ပင်လယ်ကွေ့ရေပြင်အတွင်း ကမ်းခြေမှ မိုင် ၁၅၀ ခန့်အကွာတွင် မျောပါနေခြင်းဖြစ်သည်။ **(ယာပုံ)** တစ္ဆေသင်္ဘောကို နှစ်မြှုပ်ရန် အမြောက်ဖြင့် ပစ်ခတ်ပြီးနောက် တစ်နာရီခန့်ကြာတွင် နစ်မြုပ်သွားခဲ့သည်။ ထိုသို့ မနှစ်မြှုပ်မီ အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ဂျပန်တစ္ဆေသင်္ဘောအား ကယ်ဆယ်ရန် ကြိုးစားနေသည့် ကနေဒါငါးဖမ်းသင်္ဘောအား ဘေးကင်းရာသို့ ရှောင်တိမ်းစေခဲ့သည်။ ဂျပန်တစ္ဆေသင်္ဘောပိုင်ရှင်များက ၎င်းတစ္ဆေသင်္ဘောကို ဆက်လက်ကယ်ဆယ်ခြင်းမပြုလုပ်တော့ရန် ဆုံးဖြတ်ခဲ့သဖြင့် ပစ်ခတ်နှစ်မြှုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဂျပန်တစ္ဆေသင်္ဘောသည် သမုဒ္ဒရာကြမ်းပြင်အောက်သို့ နစ်မြုပ်သွားခဲ့ပြီဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ ကင်းလှည့်ရဟတ်ယာဉ်တစ်စင်းက စောင့်ကြပ်ကြည့်ရှုပြီးနောက် ပြောကြားခဲ့သည်။ **(အင်တာနက်)**

အာဂျင်တီးနား၌မုန်တိုင်းတိုက်ခတ် ရေလွှမ်းမှုဖြစ်ပွား၊ ၁၃ ဦးသေဆုံး

ဗျူနိုအေရိစ် ဧပြီ ၆

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့ အနီးဝန်းကျင်ဒေသများတွင် ဧပြီ ၅ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ဒေသခံ ၁၃ ဦးသေဆုံးခဲ့ကြောင်း အာဂျင်တီးနားရဲတပ်ဖွဲ့က ဧပြီ ၆ ရက်တွင်ပြောကြားသည်။

ယင်းမုန်တိုင်းသည် ဟာရီကိန်းအမျိုးအစားဖြစ်ပြီး မုန်တိုင်းဒဏ်ကြောင့် လူ ၂၀ ခန့်ဒဏ်ရာရရှိကာ ဒေသခံ ၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ နေအိမ်များပျက်စီးခဲ့ပြီး မိုးသည်းထန်မှုကြောင့် ရေလွှမ်းမှုဘေးအန္တရာယ်နှင့်လည်း ကြုံတွေ့ခဲ့ကြသည်။ **(ဝဲပုံ)** အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ကျော်နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ ဗီလာမြို့တွင် အိမ် ၂၀ ပြိုကျပျက်စီးခဲ့သည်။ အိမ်ခေါင်မိုးများပွင့်ထွက်ပြီး သစ်ပင်များပြိုလဲကာ ဓာတ်အားများ ပြတ်တောက်ခဲ့သည်။

ကြုံတွေ့ရလျက်ရှိ

ရေလွှမ်းမှုများဖြစ်ပေါ်နေသဖြင့် မော်တော်ယာဉ်သွားလာမှုများ ပြတ်တောက်လျက်ရှိသည်။ လမ်းများပေါ်တွင်သစ်ပင်များလဲပြိုကျနေမှုကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေရာ ကယ်ဆယ်ရေးအဖွဲ့များက အမြန်ဖယ်ရှားရှင်းလင်းနေရသည်။ ဆက်သွယ်ရေးကြိုးများ ပြတ်တောက်ခြင်း၊ ဓာတ်တိုင်များပြိုလဲခြင်းနှင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခြင်းတို့ ကြုံတွေ့ရလျက်ရှိသည်။ **(အင်တာနက်)**

တရုတ်မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်း တောမီးလောင်နိုင်မှု သတိပေးချက်ထုတ်ပြန်

ပေကျင်း ဧပြီ ၆

တရုတ်နိုင်ငံမြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသများတွင်ရှိသော သစ်တောများမှာ အပူချိန်မြင့်တက်နေမှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နိုင်ကြောင်း တရုတ်သစ်တောအရာရှိများက ဧပြီ ၆ ရက်တွင် သတိပေးချက် ထုတ်ပြန်လိုက်သည်။

အဆိုပါဒေသများတွင် အပူချိန်မြင့်တက်နေမှု၊ လေပြင်းများတိုက်ခတ်နေမှုကြောင့် တောမီးများလောင်ကျွမ်းနိုင်သဖြင့် ကာကွယ်တားဆီးမှုများ ပြုလုပ်ရန်နှင့် အနီးဝန်းကျင်တွင်နေထိုင်ကြသည့် ဒေသခံများအား သတိဖြင့်နေထိုင်ကြရန် အရေးပေါ်သတင်းထုတ်ပြန်ပေးထားသည်။ တရုတ်နိုင်ငံမြောက်ပိုင်းနှင့်အနောက်တောင်ပိုင်းပြည်နယ်များရှိ မီးသတ်တပ်ဖွဲ့များကိုလည်း သတိပေးချက်များထုတ်ပြန်ထားပြီး အသင့်အနေအထားရှိနေရန် တပ်လှန့်ထားသည်။ တရုတ်နိုင်ငံတွင် ယခုနှစ်လေးလတာကာလအတွင်း တောမီးလောင်ကျွမ်းမှု ၁၁၀၆ ကြိမ်ဖြစ်ပွားခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့တောမီးလောင်မှုကြောင့် ဒေသခံရှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကာ သစ်တောဧရိယာအများအပြား ဆုံးရှုံးပျက်စီးခဲ့ရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၆-၄-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

ရုရှားလက်နက်ကုန်သည်တစ်ဦး နယူးယောက်တရားရုံးကပြစ်ဒဏ်ချမှတ်

မရဏကုန်သည်ဟု လူသိများသော ရုရှားလက်နက်ရောင်းဝယ်ရေးသမားတစ်ဦးဖြစ်သည့် ဗစ်တာဘွတ်သည် အမေရိကန်အား ပစ်မှတ်ထားတိုက်ခိုက်နေသည့် ကိုလံဘီယာအကြမ်းဖက်သမားများလက်ဝယ်သို့ လက်နက်များ ရောင်းချရန် ကြိုးပမ်းမှုအတွက် အမေရိကန်နိုင်ငံ နယူးယောက်တရားရုံးက ၎င်းအား ထောင်ဒဏ် ၂၅ နှစ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဧပြီ ၅ ရက်က ဖော်ပြသည်။

တရားခံဗစ်တာဘွတ်အား ၂၀၀၈ ခုနှစ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ၎င်းကျူးလွန်သည့်ပြစ်မှုအတွက် အမေရိကန်နိုင်ငံ နယူးယောက်ရှိ မင်ဟတ်တန်တရားရုံးတွင် အမှုရင်ဆိုင်ခဲ့ပြီးနောက် အမေရိကန်ခရိုင်တရားသူကြီး ရှီရာဆချီအင်ဒလင်က ၎င်းအားအနည်းဆုံးထောင်ဒဏ် ၂၅ နှစ်ပြစ်ဒဏ်ကျခံရန် ထုတ်ပြန်ခဲ့သည်။ ထို့နောက် အမေရိကန်ဒေါ်လာ ၁၅ သန်းကိုလည်း သိမ်းဆည်းရန် ထုတ်ပြန်ခဲ့သည်။ ဗစ်တာဘွတ်သည် အမေရိကန်ရဟတ်ယာဉ်များကို ပစ်ချရန်အတွက် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များအပါအဝင် လက်နက်အများအပြားကို အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ဖြင့် ရောင်းချရန်စီစဉ်နေခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်တွင် ဧပြီ ၅ ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အိမ်ပေါင်း ၁၇ အိမ်ပြိုကျပြီး စိုက်ပျိုးမြေများပျက်စီးကာ ရေပို့ဆောင်ပေးမှုများ ပြတ်တောက်ခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ လေပြင်းမုန်တိုင်းများကြောင့် မြို့ပေါင်း ၂၅ မြို့နှင့် စီရင်စု အများအပြား မိုးသည်းထန်စွာရွာသွန်းမှု ကြုံတွေ့ခဲ့ရပြီး ယင်းနေ့ နံနက် ၅ နာရီမှ ညနေ ၄ နာရီအကြား မိုးရေချိန် ၂၅ မှ ၄၉ မီလီမီတာအထိ ရောက်ရှိခဲ့ကြောင်း၊ ထိုအချိန်အတွင်း အခြားမြို့ခြောက်မြို့နှင့် စီရင်စုများတွင် မိုးရေချိန် ၅၀ မီလီမီတာအထိရှိခဲ့ကြောင်း ကွမ်တုံပြည်နယ်မိုးလေဝသဌာနမှ ကြိုတင်ခန့်မှန်းရေးအကြီးအကဲတစ်ဦးဖြစ်သည့် လူရှန်က ပြောကြားသည်။ ယင်းမုန်တိုင်းကြောင့် ကျန်ယန်းမြို့တွင် နေအိမ် ၁၇ အိမ် ပြိုကျပြီး စိုက်ပျိုးမြေ ၃၇၃ ဒသမ ၇ ဟက်တာ ပျက်စီးခဲ့သည်။ လျှပ်စစ်ဓာတ်အားပိုက်လိုင်းများ ပျက်စီးမှုကြောင့် ၈ နာရီကျော်အကြာအထိ ရေပို့ဆောင်ပေးမှုများ ပြတ်တောက်ခဲ့သည်။

သုံးရက်ကြာပျောက်ဆုံးခဲ့သည့် ဟောင်ကောင်ကုန်တင်သင်္ဘောတိမ်းမှောက်

ဂျပန်တောင်ပိုင်းကမ်းလွန်ရေပိုင်နက်တွင် သုံးရက်ကြာအဆက်အသွယ်ပြတ်တောက်ခဲ့သည့် ဟောင်ကောင်ကုန်တင်သင်္ဘောသည် မုန်တိုင်းတိုက်ခတ်ပြီး သင်္ဘောပေါ်ရှိကုန်များ လျှောကျမှုကြောင့် တိမ်းမှောက်မှုဖြစ်ကာ သင်္ဘောသားခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဂျပန်အသံလွှင့်ဌာနက ဧပြီ ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါကုန်တင်သင်္ဘောသည် ဂျပန်နိုင်ငံအရှေ့တောင်ပိုင်း ကာဂိုရှီးမားစီရင်စုအတွင်း အမာမီအိုရှီမာကျွန်းအနောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ ရေပိုင်နက်တွင် ထိုသို့တိမ်းမှောက်ခဲ့ပြီး သင်္ဘောပေါ်ရှိ သင်္ဘောသား ၁၇ ဦးမှ ၁၁ ဦးအား ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်ခဲ့ရသည်။ သင်္ဘောသားများသည် အဆိုပါပင်လယ်ပြင်ရှိ သစ်ဖောင်တစ်ခုပေါ်တွင် မျောပါနေစဉ် အသက်ကယ်လှေတစ်စင်းဖြင့် ကယ်ဆယ်ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းကုန်တင်သင်္ဘောသည် ပင်လယ်ပြင်သို့ ထွက်ခွာလာခဲ့ပြီးနောက် မုန်တိုင်းဖြစ်ပေါ်ကာ သင်္ဘောပေါ်ရှိ သစ်တုံးများကြောင့် သင်္ဘော၏ဝဲဘက်ခြမ်းမှာတိမ်းစောင်းမှုဖြစ်ပေါ်ရာမှ ထိုသို့တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့က ကျန်သင်္ဘောသားခြောက်ဦးအား ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သင်္ဘောသားတစ်ဦးက ပြောကြားသည်။ (အင်တာနက်)

ကြိုဆိုနှုတ်ဆက်

ဧပြီ ၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ကိုရီးယားပြည်သူများ၏ ခေါင်းဆောင်ကြီး H.E. KIM IL SUNG ၏ နှစ်တစ်ရာပြည့်မွေးနေ့အခမ်းအနားသို့ တက်ရောက်လာရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Kim Sok Cholက ချတ်ထရီယံ ဟိုတယ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဘဝအမောပြေ — အာကာဟိန်း-ရေးသားသည်

အဖြစ်မှန်

ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာသည် လုပ်ငန်းခွင်အတွင်း လိုက်လံစစ်ဆေးစဉ် အလုပ်မလုပ်သော ဝန်ထမ်းတစ်ဦးအားတွေ့ပြီး မေးမြန်းလေသည်။

မန်နေဂျင်း ။ ။ နာမည်ဘယ်လိုခေါ်သလဲ။
ဝန်ထမ်း ။ ။ စမစ်ပါ။
မန်နေဂျင်း ။ ။ အလုပ်ကိုကောင်းကောင်းမလုပ်ဘူး။
ဝန်ထမ်း ။ ။ ကျွန်တော်လုပ်ပါတယ်။
မန်နေဂျင်း ။ ။ သူများတွေအကုန်အလုပ်လုပ်နေကြတာ ငါမြင်တယ်။ မင်းတစ်ဦးတည်း အလုပ်မလုပ်တာ။
ဝန်ထမ်း ။ ။ ဒီလိုမဟုတ်ပါဘူးခင်ဗျာ။
မန်နေဂျင်း ။ ။ ဒါဆိုရင်…မင်းကဘာဆင်ခြေပေးချင်လို့လဲ…။
ဝန်ထမ်း ။ ။ ဆင်ခြေမဟုတ်ပါဘူး. . . အမှန်စကားပါ။
မန်နေဂျင်း ။ ။ ကဲ…ဒါဆိုပြောစမ်း။
ဝန်ထမ်း ။ ။ ဆရာလာတာ ကျွန်တော်တစ်ဦးတည်းမမြင်လိုက်လို့ပါ။
မန်နေဂျင်း ။ ။ "ဘာကွ"

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သက်ကြီးသူတို့ ကျန်းမာဖို့၊ လူမှုဘဝမြှင့်တင်ဖို့ (ကမ္ဘာ့ကျန်းမာရေးနေ့အကြို)

ရှင်ဇာနန် (ကျန်းမာရေးပညာ)

နတ်ရေကန် အမှန်တကယ်ရှိခဲ့လျှင် မည်သူတွေခုန်ဆင်းကြမည်နည်း။ နုပျိုလိုသူတိုင်း ဆင်းကြပေလိမ့်မည်။ ယနေ့ သက်ကြီးရွယ်အိုများ တိုးပွားလာပြီး ကလေးငယ်များ လျော့နည်းလာပြီဟု ပညာရှင်များက အခိုင်အမာပြောဆိုလာကြပါသည်။ ကမ္ဘာပေါ်တွင် ခရစ်နှစ် (၂၀၅၀)အရောက်၌ ကလေးဦးရေထက် သက်ကြီးရွယ်အိုဦးရေ ပို၍များပြားလာပြီး လူလေးဦးလျှင် တစ်ဦးမှာ သက်ကြီးရွယ်အို အသက် (၆၀) အထက်ရှိသူများ ဖြစ်လိမ့်မည်ဟု ဆိုပါသည်။

ဖြစ်ပျက်ပြောင်းလဲမှု၏ ဖြစ်စဉ်အရ လူတို့၏ဘဝခရီးဆိုသည်မှာ မွေးဖွားလာခြင်းနှင့် အိုမင်းရင့်ရော်ကာ ဘဝနိဂုံးချုပ်ခြင်းဟူသော အချိန်ကာလအပိုင်းအခြားကို ခေါ်ဆိုခြင်းဖြစ်သည်။ ထိုကာလအတွင်း၌ သီးချိန်တန်သီးကာ ပွင့်ချိန်တန်ပွင့်ကြရသည်။ အစီအစဉ်တကျ ရုပ်ပိုင်း၊ စိတ်ပိုင်း ပြောင်းလဲဖြစ်ပျက်နေရ၏။ ပြောင်းလဲဖြစ်ပျက်မှုသည် စက္ကန့်မလပ်ပင်ဖြစ်ရာ စာရှုသူများပင်လျှင် ဤဆောင်းပါး ဖတ်ရှုခါစနှင့် ပြီးဆုံးသည့်ကာလအတွင်း များစွာ ပြောင်းလဲလျက် အသက်အရွယ်အားဖြင့် စက္ကန့်၊ မိနစ်၊ နာရီဖြင့် အိုမင်းသွားရပြီဟု ဆိုရပါမည်။

လူသားတို့သည် ဤဖြစ်စဉ်ကို ထိုအတိုင်းလက်ခံ၍ လိုက်လျောညီထွေ ခရီးဆက်ကြမည်လော။ သိပ္ပံပညာရှင်များက ဖြစ်စဉ်ကြီးကို အလိုလိုက်ရန် စိတ်ကူးရှိဟန်မတူပေ။ အိုမင်းခြင်းကို အဘယ်အရာက ပြဋ္ဌာန်းပါသနည်း။ ခန္ဓာကိုယ် ဇီဝကမ္မ ပြောင်းလဲမှုဖြစ်စဉ်ကို လက်ပိုက်ကြည့်၍ အဘယ်သို့ နေနိုင်ပါမည်နည်း။ ဤဖြစ်ပျက်ပြောင်းလဲမှုကို ပညာရှင်များက နှိုက်နှိုက်ချွတ်ချွတ် လေ့လာစူးစမ်းလျက်ရှိရာ အိုမင်းခြင်းကို ပြဋ္ဌာန်းပေးသော မျိုးဗီဇ DNA အစိတ်အပိုင်းကို ဖော်ထုတ်နိုင်ပြီဟု ဆိုသည်။ မျိုးဗီဇကို နဖားကြိုးတပ်၍ စေလိုရာစေ ခိုင်းနိုင်သည့်အခါ အိုမင်းခြင်းကို တွေ့ရတော့မည်မဟုတ်ဟု ဆိုကြသည်။ သတင်းတစ်ရပ်တွင် သိပ္ပံပညာရှင်များက ကြွက်များ၌ စမ်းသပ်မှုပြုလုပ်ရာ ကြွက်များ၌ ဇရာလက္ခဏာများ မပြတော့သည်ကို တွေ့ရသည်ဟုဆိုသည်။

မျှော်လင့်ချက်ဖြင့် အသက်ရှင်ခြင်း

မွေးဖွားပြီး အိုမင်းခြင်းဖြင့် နိဂုံးချုပ်မည်ကို စိတ်ပျက်သူများအဖို့ မအိုဆေး မကြာမီပေါ်လာတော့မည်ဟု ပညာရှင်များက ခန့်မှန်းထားလေသည်။ လူ့ခန္ဓာကိုယ်ဖွဲ့စည်းထားသည့် ဆဲလ်များ၏ အလုပ်လုပ်နေပုံကို ရာနှုန်းပြည့်နီးပါး ပုံဖော်နိုင်ပြီဟု ပညာရှင်များက ဆိုထားပြန်ရာ အနာဂတ်တွင် ဆေးပညာ၏အသီးအပွင့်များ ကောင်းစွာခံစားကြရတော့မည် ဖြစ်ပါသည်။ သို့သော် အတတ်ပညာ၏ အစွန်းတစ်ဖက်၌ အန္တရာယ်ဆိုးကျိုးများ မရှိနိုင်ဟုပြောဆိုရန် ခက်လှသည်ဟု ပညာရှင်များက သုံးသပ်ထား၏။

ဘီစီခေတ် ရှေးအစ္စရေးလူမျိုးများ၏ ကျမ်းတစ်စောင်၌ "နောင်တွင် လူတို့၏ အသိပညာဗဟုသုတ(Knowledge)များ လွန်စွာတိုးပွားလာမည်။ ကမ္ဘာတစ်ခြမ်းမှ တစ်ခြမ်းသို့ ဥဒဟိုသွားလာကြလိမ့်မည်" ဟု ဖော်ပြထား၏။ အမှန်ပင် ၁၉ ရာစု နှောင်းပိုင်းမှစ၍ သိပ္ပံပညာ လွန်စွာတိုးတက်လာ၏။ နယ်ပယ်မျိုးစုံ၌ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့၏။ ဆေးပညာနယ်ပယ်၌ ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးကုသမှုများပင် ပြုလုပ်နိုင်ပြီဖြစ်၏။ သွေးအတု၊ နှလုံးအတုများပင် ဖန်တီးကြံဆနိုင်လာကြ၏။ မျိုးရိုးဗီဇပညာရပ်များလည်း လွန်စွာတိုးတက်လာပြီး DNA ကို လုံးဝအစိုးမရသေးသော်လည်း မကြာတော့သောကာလတွင် ခြယ်လှယ်နိုင်တော့မည်ဟု ဆို၏။ ထိုအခါ ကိုယ်အင်္ဂါပျက်စီးမှုများကို အလွယ်တကူ ကုစားနိုင်မည်ဟု ပညာရှင်များက ခန့်မှန်းထားလေသည်။

သက်ကြီးရွယ်အိုဘဝသို့ ချီတက်ခြင်း

အမှန်၌ သက်ကြီးဘဝရယူခြင်းသည် မင်္ဂလာရှိ၏။ ဘဝတည်ဆောက်ရာ၌ အောင်မြင်ခြင်းရလဒ် ဖြစ်၏။ ဘဝနေနည်းကို မိမိတို့သားသမီး၊ မြေး၊ မြစ်များကို မျှဝေပေးကြရပါမည်။ သက်ကြီးရွယ်အိုဘဝ ရောက်ရှိရေးသည် လွယ်ကူလှသည် မဟုတ်။ အလိုအလျောက် ရယူကြခြင်းလည်း မဟုတ်။ ကောင်းမွန်သော ကျန်းမာရေး အခြေအနေများက သက်ကြီးရွယ်အိုဘဝကို တွန်းတင်ပေးခြင်းဖြစ်သည် "Good health add life to year" ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆို၏။

ပညာရှင်များက ကောင်းမွန်သော ကျန်းမာရေးအခြေအနေသည် သန္ဓေသားဘဝမှာပင် စတင်ရမည်ဆို၏။ မိခင်များသည် ကျန်းမာသောမိခင်များ ဖြစ်ရမည်။ အစာအုပ်စုသုံးမျိုးလုံး စုံလင်အောင်စားသုံးပေးရမည်ဟု ဆိုသည်။ သို့မှသာ ကျန်းမာသော သန္ဓေသားသည် မွေးဖွားလာပြီးနောက် မိခင်နို့ကို ဝဝလင်လင် စို့နိုင်မည်ဖြစ်၏။ ထို့အပြင် ကာကွယ်ဆေးများလည်း အကြိမ်ပြည့် ထိုးနှံပေးရပါမည်။ကလေးခြောက်လပြည့်ပြီးပါက ဖြည့်စွက်အစာများလည်း စနစ်တကျ တိုက်ကျွေးပြီး အပျိုလူပျိုဘဝသို့ ကျန်းကျန်းမာမာ ရောက်ရှိစေရမည်ဟုဆိုသည်။

ကျန်းမာရေးကိုထိခိုက်စေနိုင်သော အပြုအမူများကို ရှောင်၍ ကျန်းမာရေးကို အကျိုးပြုသော အပြုအမူများကို ပြုမူကြရမည်ဖြစ်သည်။ အရက်သေစာ သောက်စားမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဆေးလိပ်၊ ကွမ်းယာ သုံးစွဲသောက်သုံးမှု စသည့်အပြုအမူများက ကောင်းမွန်သော ကျန်းမာရေးအခြေအနေကို ပျက်စီးစေသည့် အပြုအမူများဖြစ်သည်။ လတ်ဆတ်သော အသီးအနှံများ စားသုံးခြင်း၊ ရေကောင်းရေသန့်သောက်သုံးခြင်း၊ သန့်ရှင်းသော အစားအစာနှင့် ပတ်ဝန်းကျင်၌ နေထိုင်ခြင်းအပြင် ဘာသာတရားကိုင်းရှိုင်းစွာ နေထိုင်မှုများက ကောင်းမွန်သော ကျန်းမာရေးအခြေအနေကို ဖန်တီးပေးနိုင်သည်ဟု ပညာရှင်များက အခိုင်အမာဖော်ပြထားပါသည်။

သက်ကြီးရွယ်အိုဘဝသို့ ရောက်ရှိခြင်း

လူ့ဘဝတွင် ရောဂါအနာတရ ဖြစ်စေနိုင်သော အကြောင်းတရား များစွာရှိ၏။ ရောဂါပိုးမွှား များစွာရှိနေပါသည်။ ရောဂါဘယမျိုးစုံက နှိပ်စက်ကလူပြု၏။ အနာတရ၊ ထိခိုက်ဒဏ်ရာများကြောင့်လည်း ဒုက္ခရောက်ကြ၏။ အဆိပ်အတောက်များကြောင့်လည်း ဒုက္ခရောက်ကြပြီး စိတ်ထိခိုက်စရာဖြစ်ရပ်များကလည်း တစ်မှောင့် ဒုက္ခကြီးစွာ ပေးလေ့ရှိ၏။

ဤကဲ့သို့ များပြားလှသော ဘေးအန္တရာယ်များကို ကျော်ဖြတ်ကာ သက်ကြီးရွယ်အိုဘဝသို့ ချီတက်နိုင်သော မိဘဘိုးဘွားများအား လေးစားသမှု ဂုဏ်ပြုကြရပေမည်။ သူတို့ထံမှ နည်းယူကြရပေမည်။ တစ်ဆက်တည်းမှာပင် သက်ကြီးရွယ်အိုများအတွက် အဘက်ဘက်မှ စီစဉ်ပေးကြရပေမည်။

သက်ကြီးရွယ်အိုများအတွက် စီစဉ်ပေးနိုင်သော အချက်များ

သက်ကြီးရွယ်အိုများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များအတွက် မဖြစ်မနေ စီစဉ်ပေးကြရမည်ဖြစ်ပါသည်။ စီစဉ်ပေးရန် တာဝန်ရှိသူများမှာ မိသားစုဝင်များ၊ အိမ်နီးနားချင်းများနှင့် ရပ်ကွက်ကျေးရွာလူကြီးများ၊ ဒေသအာဏာပိုင်များနှင့် နိုင်ငံတော်အစိုးရတို့ပင် ဖြစ်ပါသည်။ အဆင့်လိုက် လုပ်ဆောင်ပေးရမည့် လုပ်ငန်းတာဝန် ကိုယ်စီရှိနေကြပါသည်။

မိသားစုဝင်များအနေဖြင့် မိမိတို့ ဘိုးဘွားများကို အိမ်ဦးခန်း၌ ထားရပါမည်။ မွေးခံထိုက်သည့် သားသမီး၊ မြေးမြစ်များအဖြစ် ဂုဏ်ယူနိုင်ကြရပါမည်။ ဝတ်ကြီးဝတ်ငယ် ပြုစုပေးကြရပါမည်။ သက်ကြီးရွယ်အိုများအတွက် ကြေလွယ်သော၊ မျှတသော အစားအစာများ ကျွေးမွေးပြုစုပေးကြရပါမည်။ ကလေးငယ်များအတွက် သီးသန့်အစားအစာများရှိသကဲ့သို့ သက်ကြီးရွယ်အိုများအတွက်လည်း စီစဉ်ပေးသင့်လျှင် စီစဉ်ပေးရပါမည်။ မိဘဘိုးဘွားများ ကိုယ်လက်လှုပ်ရှားရန်နှင့် အပန်းဖြေအနားယူနိုင်ရန် စီစဉ်ပေးကြရပါမည်။ အရေးကြီးဆုံးအချက်မှာ မိဘဘိုးဘွားများထံမှ ဆိုဆုံးမသြဝါဒများ၊ ဘဝအတွေ့အကြုံများ ခံယူကြရန်ဖြစ်ပါသည်။ကျေးရွာ၊ ရပ်ကွက်လူကြီးများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများရှိ သက်ကြီးရွယ်အိုများအတွက် လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းပေးခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ သက်ကြီးရွယ်အိုများ၏ သြဝါဒခံယူပွဲများ ကျင်းပခြင်း၊ သက်ကြီးရွယ်အိုများအတွက် ပံ့ပိုးရန်ပုံငွေများ ထူထောင်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် အပန်းဖြေရန် ပန်းခြံများစီစဉ်ခြင်း စသည့်အစီအစဉ်အမျိုးမျိုးကို ကြံဆပေးနိုင်ကြပါသည်။

ဒေသအာဏာပိုင်များအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အလိုက်၊ မိမိတို့ဒေသအလိုက် ဆီလျော်သော အစီအစဉ်များ လုပ်ဆောင်ပေးနိုင်ကြပါသည်။ သက်ကြီးရွယ်အိုများအတွက် အန္တရာယ်ရှိသော အခြေအနေများမှ အကာအကွယ်ပေးနိုင်ပြီး သက်ကြီးရွယ်အိုများအတွက် ရန်ပုံငွေများထူထောင်ပေးခြင်း၊ ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ပေးခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်ပေးနိုင်ပါသည်။

ထို့အတူ နိုင်ငံတော်အနေဖြင့် သက်ကြီးရွယ်အိုများအတွက် အထူးကုသမားတော်များ ဖွဲ့စည်းပေးခြင်း၊ အကာအကွယ်ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ ဆေးရုံ/ ဆေးခန်းများ စီစဉ်ပေးခြင်း၊ သက်ကြီးရွယ်အိုအသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ လူမျိုးမရွေး၊ ဘာသာမရွေးသော ဘုရားကျောင်းများ၊ ဘိုးဘွားရိပ်သာများလည်း တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံနှင့်အဝန်း သက်ကြီးရွယ်အိုများ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပနိုင်ရန် နေ့ရက်များ သတ်မှတ်ပေးခြင်းနှင့် သက်ကြီးရွယ်အိုများ ပံ့ပိုးစရိတ် ထူထောင်ပေးခြင်း စသည့်အစီအစဉ်များ လုပ်ဆောင်ပေးနိုင်ပါသည်။

လူ့အဖွဲ့အစည်းတွင် သက်ကြီးရွယ်အိုများ တိုးပွားလာနေပြီဖြစ်ရာ ကျွန်ုပ်တို့သည် မိမိတို့ အသက် (၈၀) (၉၀) အရွယ်ကို မြင်တွေ့နိုင်ကြတော့မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ သား၊ သမီး၊ မြေး၊ မြစ်များကလည်း ကျွန်ုပ်တို့ကို တွေ့မြင်ခွင့်ရကြသလို အပြန်အလှန်အားဖြင့် ကျွန်ုပ်တို့ကလည်း မြေး၊ မြစ်များကို မြင်တွေ့ကြရတော့မည်ဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုရှိသော မိသားစုများသည် မင်္ဂလာရှိ၏။ သက်ကြီးရွယ်အိုများသော ကျေးရွာ၊ ရပ်ကွက်များသည်လည်း မင်္ဂလာရှိ၏။ သက်ကြီးရွယ်အို ပေါများသော နိုင်ငံနှင့် လူမျိုးတို့သည်လည်း မင်္ဂလာရှိ၏။ အကြောင်းမှာ လောကဓံကို ကြံ့ကြံ့ခံ တွန်းလှန်နိုင်သော၊ အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်ကြီးများ၊ အသိပညာ၊ အတတ်ပညာ အမွေပေးနိုင်သော ပုဂ္ဂိုလ်များ ပေါများနေခြင်းကြောင့်ပင်ဖြစ်၏။ ရှေ့ဆောင်လမ်းပြပေးနိုင်သော ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ထိုက်ထိုက်တန်တန် ကြိုဆိုကြရပါမည်။ ထိုသို့ ကြိုဆိုလျှင် ကျွန်ုပ်တို့ကိုလည်း ကျွန်ုပ်တို့၏ မြေး၊ မြစ်များက ကြိုဆိုကြပေလိမ့်မည်။ ။

သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်ခဲ့သော ပန်းကြယ်သီးအလှထိုးနည်း သင်တန်းဆင်းပွဲကို မတ် ၃၀ ရက်က မူကြို ကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်း သင်တန်းသူများ၏ ပန်းကြယ်သီးအလှထိုးလက်ရာများကို ကြည့်ရှုအားပေးစဉ်။ (၀၄၉)

နမ္မတူမြို့နယ် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ မြို့နယ်အမှုဆောင်အရာရှိ ဦးဆန်းမင်း၊ မီးသတ်ဦးစီးမှူး ဦးဝင်းသောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်တိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးရွှေဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၂၅ ရက်က မြို့မဈေးကြီး၌ စည်ပင်သာယာဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်မှုကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်ထွေ/အုပ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား General Electric Corporation အဖွဲ့တွေ့

နေပြည်တော် ဧပြီ ၆

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်နိုင်ငံ အခြေစိုက် General Electric Corporation မှ Vice- Chairman Mr. John G. Rice ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းများ၊ အရည်အသွေးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မိခင်နှင့် ကလေးသေနှုန်း ပိုမိုကျဆင်းစေရေးအတွက် မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေသည့် အစီအစဉ်များ၊ ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များ၊ General Electric Corporation အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ပံ့ပိုးကူညီပေးမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရအဖွဲ့သို့ ကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည် ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေး ကိစ္စဆွေးနွေးပွဲတက်ရောက်ရန် ဧပြီ ၅ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်သို့ ရောက်လာရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ ကရင်တိုင်းရင်းသားအဖွဲ့အစည်းများက ကြိုဆိုကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေ အတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန် ဦးဆောင်သည့်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ နော်စီဖိုးရာစိန်တို့က ကျေးဇူးတင်စကား အပြန်အလှန် ပြောဆိုကြသည်။

ထို့နောက် ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ ဦးခင်မောင်စိုး၊ ဦးသန်းဌေး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးတို့ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးတို့ ဦးဆောင်သည့် အဖွဲ့ဝင်များသည် အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ ခိုင်မြဲနိုင်ရေး၊ ဆက်ဆံရေးရုံးများ ထားရှိဖွင့်လှစ်နိုင်ရေး၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးရန် တင်ပြထားသည့်အချက် (၁၁)ချက်အနက်မှ (၆)ချက်အား အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ကရင်ပြည်နယ် ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ကရင်အမျိုးသားအစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်ပြည်နယ် ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဟိုတယ်ဇွဲကပင်ခန်းမ၌ ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ကရင်ပြည်နယ် အစိုးရဖွဲ့မှ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့တို့သည် ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးရန်အတွက် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဟိုတယ်ဇွဲကပင်သို့ ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်မောင်ဝင်း၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာ သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဟိုတယ်ဇွဲကပင်ခန်းမ၌ ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း)(ပြည်သူ့စစ်)၊ ပြည်နယ် ဥပဒေချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ဦးဆောင်သည့် အဖွဲ့များနှင့် နှစ်ဖက်အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အပစ်အခတ်ရပ်စဲရေး ရေရှည်တည်တံ့ ခိုင်မြဲနိုင်ရေး၊ ဆက်ဆံရေးရုံးများ ထားရှိဖွင့်လှစ်နိုင်ရေးတို့နှင့် ပတ်သက်၍ အပြန်အလှန်ညှိနှိုင်း ဆွေးနွေးကြပြီး ညပိုင်းတွင် ဘားအံမြို့ ဟိုတယ်ဇွဲကပင်၌ ကရင်ပြည်နယ် အစိုးရအဖွဲ့က ကရင်အမျိုးသား အစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန် ဦးဆောင်သည့်အဖွဲ့အား ထာဝရငြိမ်းချမ်းရေး အထိမ်းအမှတ်အဖြစ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေကြရာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များက အမှတ်တရပန်းခြင်းများ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်နိုင်ရေး ကိစ္စတွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဧပြီ ၆ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သင့်ကြောင် မီးမလောင်ပါစေနှင့်

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း သင်္ဘော ကုန်တင်/ကုန်ချလုပ်ငန်းများ ရပ်တန့်ခြင်းမရှိဘဲ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၆

၂၀၁၂ ခုနှစ် မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း သင်္ဘောကုန်တင်/ကုန်ချလုပ်ငန်းများ ရပ်တန့်ခြင်းမရှိဘဲ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်းအဝေးကျင်းပရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင် **(အောက်ဝဲပုံ)** ဦးဆောင်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ တာဝန်ရှိသူများ၊ သင်္ဘောလိုင်းအသီးသီးမှ ဌာနေကိုယ်စားလှယ်တာဝန်ခံများ၊ သက်ဆိုင်ရာ တံတားအသီးသီးမှ တာဝန်ရှိသူများ၊ ကုန်းတွင်းကုန်သေတ္တာစခန်း (ICD) တို့မှ တာဝန်ရှိသူများ၊ မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MMMDA) နှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သေတ္တာယာဉ်ပိုင်ရှင်များ အသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် အောက်ဖော်ပြပါအချက်များအတိုင်း နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများ ရပ်တန့်ခြင်းမရှိစေရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်-

(က) ကုန်ပစ္စည်းများထုတ်ယူနိုင်ရေးအတွက် ကုန်ပစ္စည်းထုတ်ပေးခွင့်အမိန့် (Delivery Order) ကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနက ဧပြီလ ၁၁ ရက်၊ ၁၃ ရက်၊ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်တို့တွင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ရုံးဖွင့်လှစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(ခ) အကောက်ခွန်ဦးစီးဌာနက ဧပြီလ ၁၁ ရက်၊ ၁၂ ရက်၊ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်များတွင် ရုံးဖွင့်လှစ်ပြီး အကောက်ခွန်ဆိုင်ရာ သွင်းကုန်/ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(ဂ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) က ဧပြီလ ၁၃ ရက်နှင့် ၁၈ ရက်တို့တွင် ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(ဃ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MI-CB) က ဧပြီလ ၁၈ ရက်တွင် ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(င) မြန်မာနိုင်ငံ ကုန်သေတ္တာယာဉ်ပိုင်ရှင်များ အသင်းကလည်း ကုန်သေတ္တာသယ်ယာဉ် အလုံအလောက်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သင်္ဘောအဝင်/ အထွက် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် သင်္ဘောဆိပ်ကမ်း ကုန်ကျစရိတ် (Port D/A) ကို သင်္ကြန်ကာလမတိုင်မီ ရောက်ရှိစေရေးအတွက် သင်္ဘောလိုင်းများမှ ကြိုတင်ပေးပို့ထားကြရန်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ရေလှောင်တမံများ

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ရေသိုလှောင်ထားရှိမှုကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေဧက ၃၀၀၀၀ အတွက် ရေပေးဝေလျက်ရှိသည့် ဘော်ဘင်ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ခပေါင်းရေလှောင်တမံ

- ✳ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက်ထားသည်။
- ✳ ရေလှောင်တမံအမြင့် ပေ ၂၀၀၊ အလျားပေ ၉၂၀ ရှိသည်။
- ✳ မြေသားတမံအမျိုးအစားဖြစ်သည်။
- ✳ ခပေါင်းရေလှောင်တမံမှ ဆည်ရေဖြင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လယ်မြေဧက ၁၀၀၀၀၀ သို့ ရေပေးဝေနိုင်သည်။

ဘော်ဘင် ရေလှောင်တမံ

- ✳ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်အကြားတွင် တည်ရှိသည်။
- ✳ ဘော်ဘင်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။
- ✳ ပင်မတမံ ပေ ၉၁၀ ရှိပြီး ရေကူတမံမှာ ပေ ၁၅၉၀ ရှိသည်။
- ✳ အကျိုးပြုလယ်ယာမြေဧကမှာ ၃၀၀၀၀ ဖြစ်သည်။

သတင်းမှတ်စု
မောင်ငြိမ်းအေး

ဝဲကြီးရေလှောင်တမံ

- ✳ ဝဲကြီးရေလှောင်တမံသည် ပေါင်းတည်မြို့၏ အရှေ့မြောက်ဘက် ဖောင်အိုင်ရွာ၏ အထက်ဘက် တစ်မိုင်ခန့်အကွာ ဝဲကြီးချောင်း ပေါ်တွင် တည်ရှိသည်။
- ✳ တမံအလျားပေ ၄၁၇၀ နှင့် တမံအမြင့် ၁၁၅ ပေရှိသည်။
- ✳ ရေဆင်းဧရိယာ ၂၀၂ စတုရန်းမိုင်ရှိပြီး ကန်ရေပြည့် ရေလှောင် ပမာဏမှာ ဧကပေ ၂၅၂၀၀၀ ဖြစ်သည်။
- ✳ အကျိုးပြုဧရိယာဧက ၄၅၀၀၀ ကို ဆည်ရေပေးဝေနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပေါင်းတည်မြို့နယ်အတွင်းရှိ လယ်မြေများသို့ ရေပေးဝေလျက်ရှိသော ဝဲကြီးရေလှောင်တမံကို တွေ့ရစဉ်။

အင်းနှယ်နိမိတ်နှင့် အင်းစည်းကမ်းချက်များ ရှင်းလင်းပွဲကျင်းပ

ပုသိမ် ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရေကြည်ခန်းမ၌ ဧပြီ ၄ ရက် နံနက် ၁၀ နာရီက ၂၀၁၂-၂၀၁၃ ခုနှစ် အင်းနှယ်နိမိတ်နှင့် အင်းစည်းကမ်းချက်များ ရှင်းလင်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးစံလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်က အင်းလုပ်ကိုင်သူများ အချင်းချင်း နယ်နိမိတ်အငြင်းပွားမှုမှ ကာကွယ်ရန် အင်းစည်းကမ်းချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အင်းလုပ်သားကြီးများက မေးမြန်းချက်များကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **မင်းဇော်ဦး(ရေကြည်)**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၆

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၇)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မတ် ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသည်။

အစည်းအဝေးတွင် အသင်းတည်ထောင်သူ၊ အကြံပေးပုဂ္ဂိုလ်နှင့် နာယကဖြစ်သူ စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဒေါ်နှင်းဝေက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးအကြံပေး ဒေါ်ခင်ဌေးယူက ဘဏ္ဍာရေးရှင်းတမ်းတို့ကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသူများက အသက်(၇၀)နှင့်အထက် အသင်းနာယက၊ အကြံပေးဆရာမကြီးများအား ဂါရဝပြုပစ္စည်းနှင့် ငွေများကိုပေးအပ်ကြပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်လှဝတီက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)**

အင်ဗာတာကိုအသုံးပြုကြမည်ဆိုလျှင်…

(ကိုရွှေသိမ်းအေး-ငါးသိုင်းချောင်း)

အင်ဗာတာများတွင် လူကအဖွင့်အပိတ်လုပ်ပေးရသော အင်ဗာတာနှင့် အော်တိုမစ်တစ်စနစ်ပါရှိသော အင်ဗာတာဟူ၍ နှစ်မျိုးရှိပါသည်။ ယခုအခါ ခေတ်မီတိုးတက်လာသည်နှင့်အမျှ အော်တိုမစ်တစ်စနစ်ပါရှိသော အင်ဗာတာများကိုအသုံးပြုလာကြသည်။

သို့သော် အင်ဗာတာများတွင် (CHE FULL) ဆိုသောစာတန်းပါရှိရုံနဲ့ အော်တိုမစ်တစ်ပိတ်ပေးတဲ့ စက်ဟုမမှတ်ပါနဲ့၊ လူကပိတ်ပေးရသည်။ မပိတ်မိလျှင် ချာဂျင်လွန်ကဲရာမှ မီးလောင်ကျွမ်းတတ်သည်။ အင်ဗာတာများတွင် အော်တိုမစ်တစ်စနစ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အော်တို (AUTO) ကို အားကိုးယုံကြည်မှုမထားသင့်ပေ။ လူကိုယ်တိုင်မျက်ခြည်မပြတ် စနစ်တကျဆောင်ရွက်မှသာ လုံခြုံမှုရှိပေမည်။

အင်ဗာတာ၊ ဘက်ထရီသုံးစနစ်တွင် အထူးသတိပြုကြရန်မှာ-

(က) ဘက်ထရီအိုးကို အလုံပိတ်နေရာတွင်မထားရ၊ လေဝင်လေထွက် ကောင်းသောနေရာတွင်ထားရန် (ဘက်ထရီအိုးမှထွက်သော ဓာတ်နှစ်မျိုးမှာ မီးလောင်လွယ်သဖြင့် ပြင်ပလေနှင့်ဆက်သွယ်မှ အမြန်ဓာတ်ပြယ်သွားမည်။)

(ခ) ဘက်ထရီအိုးအနီး ဖယောင်းတိုင်မီး၊ မီးခြစ်မသုံးရန်။(ဘက်ထရီချာဂျင်ပြည့်မပြည့်ကြည့်လျှင် ဓာတ်မီးအသုံးပြုရန်)

(ဂ) ဘက်ထရီအားသွင်းနေစဉ် ဘက်ထရီညှပ်ကိုမကစားရ။အန္တရာယ်ရှိသည်။

(ဃ) ဘက်ထရီအိုးအတွင်း အရည်များလျော့နည်းလာလျှင် သတ်မှတ်သောနေရာအထိ မိုးရေသန့်များဖြည့်ပေးရန်။ ဘက်ထရီအိုးတစ်လုံး နှစ်နှစ်ထက်ပိုမသုံးသင့်။

(င) ဘက်ထရီအဖုံးများကို နည်းနည်းစီလျော့ပေးထားရမည်။ အသေမကျပ်ရ။ ဘက်ထရီအခန်းတွင်းမှ ဓာတ်ကွဲထွက်လာသော ဓာတ်ငွေ့များ ပြင်ပမထွက်နိုင်လျှင် အဖုံးတွေပွင့်ထွက်တတ်သည်။

(စ) အင်ဗာတာဗို့မြှင့်စက်များတွင် မလိုအပ်သည့် လျှပ်စစ်ပစ္စည်းများ ထည့်သွင်းအသုံးမပြုရန်။ အင်ဗာတာမနိုင်သည့် လျှပ်စစ်ပစ္စည်းဖယ်ရှားပြီးမှ အသုံးပြုရန်။

(ဆ) အင်ဗာတာဗို့မြှင့်စက်ကို မလိုအပ်လျှင်ပိတ်ထားရန်၊ မှန်ကန်သောဗို့ (VOLT) ဒိုင်ခွက်ကို တပ်ဆင်ထား၍ ည ၉ နာရီကျော်လျှင် ဗို့အားမြင့်တက်လာသဖြင့် (၁၈၀)ဗို့ရှိပါက ပိတ်ထားသင့်သည်။ (ညဉ့်နက်လေ မီးအားမြင့်လေဖြစ်၍ မပိတ်လျှင်အပူလွန်ကဲရာမှ မီးလောင်တတ်သည်။ အင်ဗာတာအနီးတွင် ပြက္ခဒိန်အဟောင်းများ ချိတ်ထားခြင်းနှင့် မီးလောင်လွယ်သောအရာများမထားရ။)

(ဇ) ညအိပ်ရာဝင်လျှင်ဖြစ်စေ၊ ပြင်ပသို့သွားလျှင်ဖြစ်စေ မိသားစုဝင်များမှ နားလည်မှုရှိစွာ သတိထားပိတ်ကြရန် အရေးကြီးသည်။

အင်ဗာတာများမှာ လျှပ်စစ်မီးသုံးစွဲရုံသာမက မီးအားမြှင့်ခြင်း၊ ဘက်ထရီအားသွင်းခြင်းများကိုပါ အသုံးပြုရသဖြင့် လူကသတိထားစောင့်ကြည့်ပြီးမှ သုံးစွဲသင့်ပေသည်။ မီးလောင်မှုအများဆုံးမှာ အင်ဗာတာများကို ပိတ်ချိန်တန်မပိတ်ဘဲ ပေါ့ဆစွာထားခြင်းကြောင့်ဖြစ်ပေသည်။ သို့ဖြစ်၍ ယခုလိုနွေရာသီမှာ အင်ဗာတာများ သတိထားကြဖို့ နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အခြေခံပညာဦးစီးဌာန
နွေရာသီဘိုးလင်းအားကစားသင်တန်းဆင်း

ရန်ကုန် ဧပြီ ၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ၂၀၁၂ခုနှစ် အခြေခံပညာဦးစီးဌာန နွေရာသီဘိုးလင်းအားကစားသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ် မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ် Right Track Bowling Centre အားကစားရုံ၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်ထွန်းအောင်တို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

လှိုင်းဘွဲ့ ဧပြီ ၆

လှိုင်းဘွဲ့မြို့နယ် ပတ်ကျောကျေးရွာ မူလတန်းကျောင်း၌ မတ် ၂၃ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော်က ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် လဝက)**

အုတ်တွင်းမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းဖွင့်

အုတ်တွင်း ဧပြီ ၆

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော ညောင်ခြေထောက်-မျက်နီကွင်းကျေးလက်ကျောက်ချောလမ်းအပိုင်းဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေ၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မျက်နီကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးရွှေသီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အဆိုပါလမ်းသည် အရှည်ပေ ၁၇၂၀၊ အကျယ်၁၀ပေရှိကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၁၀၁ ဒသမ ၁သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးကြိုတင်ကာကွယ်ရေး ဝါးခယ်မ၌ ဆောင်ရွက်

ဝါးခယ်မ ဧပြီ ၆

ဝါးခယ်မမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကင်းရှင်းရေး မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် ဈေးဆိုင်ခန်းများအတွင်း လောင်စာဆီများ ရောင်းချခြင်း ရှိမရှိကို မတ် ၂၉ ရက် နံနက်ပိုင်းက လိုက်လံစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်နှင့် ဈေးကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

ကျော်စိန်(ဝါးခယ်မ)

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အောင်လံမြို့နယ်၌ကျင်းပ

အောင်လံ ဧပြီ ၆

သရက်ခရိုင် အောင်လံမြို့နယ် ကျီရပ်ကုန်းကျေးရွာတွင် သုတရိပ်မြုံ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီခွဲက စာကြည့်တိုက်အနီး မဏ္ဍပ်၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအေးဝင်းတို့က အမှာစကားပြောကြားပြီးနောက် ဌာနဆိုင်ရာများနှင့်ကျေးရွာပြည်သူများက စာအုပ်စာစောင်များကို လှူဒါန်းကြသည်။ ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးအေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကားဘော်ဒီထုသံ ဆူညံလွန်း

စာတည်းမှူးရှင့်-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက် ထားဝယ်လမ်းရှိ ကားဘော်ဒီရုံမှ ကားဘော်ဒီထုရိုက်သံ၊ ကားဆေးမှုတ်သည့် ညှော်နံ့များကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သင့်လျော်သောနေရာသို့ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ထားဝယ်လမ်းသား

ဂက်စ်အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် ဆ/ကရပ်ကွက် လေးထောင့်ကန်လမ်းမ ဘီအိုစီ မှတ်တိုင်အနီးရှိ ဂက်စ်မီးဖိုအရောင်းဆိုင်တစ်ဆိုင်မှ ဂက်စ်အနံ့များ ပတ်ဝန်းကျင်သို့ ထွက်ရှိနေပါသောကြောင့် ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ကျူးကျော်လမ်းဘေးဈေး ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက်အတွင်း သရက်ချောင်းလမ်းမပေါ်၌ရှိသော ကျူးကျော်ဈေးမှ သားငါးညှီနံ့များနှင့် လမ်းပိတ်ဆို့မှုသည် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

နိုင်ငံတကာအာကာသသိပ္ပံ

နိုင်ငံတကာအာကာသသိပ္ပံ နိုင်ငံတကာအာကာသသိပ္ပံ နိုင်ငံတကာအာကာသသိပ္ပံ

မောင်မောင်မြင့်ဆွေ - စုစည်းသည်



အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ် ဘေးချင်းယှဉ်လျက် တွေ့မြင်ရမည်

နယူးယောက် ဧပြီ ၆

အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့သည် လာမည့်သုံးနှစ်အတွင်း အနီးကပ်ဆုံး အနေအထားဖြင့် ဘေးချင်းယှဉ်လျက် တွေ့မြင်ရဖွယ်ရှိကြောင်း၊ ထိုသို့တွေ့မြင်နိုင်မှုသည် လာမည့်နှစ်နှစ်နှင့် နှစ်လခန့်အကြာ၌ ဖြစ်နိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

ကမ္ဘာဂြိုဟ်နှင့် ဘေးချင်းယှဉ်လျက် အင်္ဂါဂြိုဟ် **(အပေါ်ပုံ)** ဖြတ်သန်းမည့် အချိန်သည် အနည်းငယ်မျှသာဖြစ်နိုင်ကြောင်း၊ ထိုသို့ဖြတ်သန်းမှုမျိုးမှာ ပြီးခဲ့သည့် မတ်လ ၂ ရက် ကလည်း တစ်ကြိမ်ဖြစ်ပေါ်ခဲ့သေးကြောင်း ၎င်းက ပြောကြားသည်။

အင်္ဂါဂြိုဟ်နှင့်ကမ္ဘာတို့၏အနေအထားကို နာဆာသုတေသနပညာရှင်များက အာကာသအဝေးကြည့်မှန်ပြောင်းဖြင့် လေ့လာခဲ့ရာမှ သုံးသပ်ပြောကြားခြင်းဖြစ်သည်။ ထိုသို့ အာကာသရှိ ဂြိုဟ်များ၏ပြောင်းလဲမှု၊ ထူးဆန်းသောပုံရိပ်များကို လာမည့်နှစ်များတွင် မကြာခဏ မြင်တွေ့ရဖွယ်ရှိသည်။

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်နှင့် ကနေရီကျွန်းပေါ်တို့တွင်ရှိသော အာကာသကြည့်မှန်ပြောင်းတို့ဖြင့် လေ့လာခဲ့ရာ ထူးခြားသောအာကာသ ပြောင်းလဲမှုများကို ဓာတ်ပုံများနှင့်တကွ မကြာမီထုတ်ပြန်မည်ဖြစ်သည်။ **(အင်တာနက်)**

ဆော့ဖ်ဝဲလ်ပညာရှင် ချာလက်စီမွန်ယီ အာကာသခရီးထပ်မံသွားမည်

ဆက်တယ် ဧပြီ ၆

ဟန်ဂေရီနွယ်ဖွား အမေရိကန်နိုင်ငံသား ချာလက်စီမွန်ယီသည် မကြာမီ အာကာသခရီးသွားတစ်ဦးအဖြစ် ထပ်မံလိုက်ပါရန် ကြိုးစားလျက်ရှိကြောင်း ဧပြီ ၅ ရက်က သတင်းထုတ်ပြန်သည်။ အသက် ၆၄ နှစ်အရွယ်ရှိ ချာလက်စီမွန်ယီ **(ယာပုံ)** သည် ၂၀၀၉ ခုနှစ် မတ်လက ဆိုယုဇ် တီအမ်အေ-၁၄ ဖြင့် ဒုတိယမြောက်အာကာသ ခရီးသည်အဖြစ် သွားရောက်ခဲ့ပြီး ဖြစ်သည်။

ထိုသို့သွားရောက်ရာတွင် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ခရီးသွားဧည့်သည်တစ်ဦးအဖြစ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ချာလက်စီမွန်ယီသည် ပထမဆုံး အာကာသခရီးစဉ်အဖြစ် ၂၀၀၇ ခုနှစ် ဧပြီလက စေလွှတ်ခဲ့ရာတွင်လည်း ၎င်း၏ကုမ္ပဏီက အကူအညီများစွာပေးခဲ့သူဖြစ်သည်။ ၎င်းသည် ဆော့ဖ်ဝဲလ် ပညာရှင်တစ်ဦးဖြစ်ပြီး ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထူထောင်ထားသူဖြစ်သည်။ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ကုန်ကျမည့် အာကာသခရီးသွားခြင်းကို အလွန်အမင်း စိတ်ဝင်စားနေသူဖြစ်သည့် ချာလက်စီမွန်ယီသည် နောက်တစ်ကြိမ် အာကာသခရီးသည်အဖြစ် ထပ်မံသွားရောက်ရန် ကြိုးစားလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



ကမ္ဘာ့အပါးလွှာဆုံး နေရောင်ခြည်စွမ်းအင်ပြားထုတ်လုပ်

တိုကျို ဧပြီ ၆

ဩစတြေးလျနှင့် ဂျပန်သုတေသနပညာရှင်များ ပူးပေါင်းအဖွဲ့တစ်ဖွဲ့က အလွန်ပါးလွှာသော နေရောင်ခံပြားအမျိုးအစားကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၅ ရက်က သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါ နေရောင်ခံပြားသည် လူသားတစ်ဦး၏ ဆံချည်မျှင်တစ်မျှင်ထက် ပိုမိုပါးလွှာသည့်အပြင် ပင့်ကူတစ်ကောင်၏ ပိုးချည်မျှင်ထက်ပင်ပါးလွှာကြောင်း ၎င်းတို့က ပြောကြားသည်။ ပါးလွှာမှု၏အနေအထားကိုအတိအကျ တိုင်းတာမှုအရ နေရောင်ခြည်စွမ်းအင်ပြား၏ အထူမှာ ၁ ဒသမ ၉ မိုက်ခရိုမီတာခန့်ရှိသည်။ ယခင်က ထုတ်လုပ်ထားသည့် ကမ္ဘာ့အပါးလွှာဆုံး နေရောင်ခြည်စွမ်းအင်ပြား အထူထက် ၁၀ ဆခန့်ပါးလွှာသည့် နောက်ဆုံးထုတ်နေရောင်ခြည်စွမ်းအင်ပြားဖြစ်သည်။ ထို့အပြင် ၎င်းနေရောင်ခြည်စွမ်းအင်ပြားသည် ကျုံ့နိုင်၊ ဆန့်နိုင်သော ဂုဏ်သတ္တိလည်းရှိသည်ဟု တိုကျိုတက္ကသိုလ်မှ သုတေသနပညာရှင်ဆူယိုရှိုစီကီတာနီက ပြောကြားသည်။

ဆက်လက်ပြောကြား

နေရောင်ခြည်စွမ်းအင်ဆိုလာပြားများ၏ ထူးခြားစွမ်းရည်များကို အကောင်းဆုံး အနေအထားရောက်အောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ဆိုလာပြားများ၏ နေရောင်ခြည်စွမ်းအင်ပိုမိုရယူနိုင်မှုစွမ်းရည်ကိုလည်း မြှင့်တင်သွားမည်ဖြစ်ကြောင်း ဆူယိုရှိုကီတာနီက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ကျန်းမာရေးသတင်းသုတ

ကျန်းမာရေးသတင်းသုတ ကျန်းမာရေးသတင်းသုတ

➤ ကောင်းမြတ်သူ - စုစည်းသည် ➤



ဂေါ်ဖီထုပ်စားသုံးခြင်းဖြင့် ရင်သားကင်ဆာကာကွယ်နိုင်

နယူးယောက် ဧပြီ ၆

*ဂေါ်ဖီထုပ်**(အပေါ်ပုံ)**၊ ဘရိုကိုလီနှင့် အစိမ်းရောင်ရှိသော အရွက်များ စားသုံးသော တရုတ်အမျိုးသမီးများသည် ယင်းအသီးအနှံများမစားသောအမျိုးသမီးများထက် ရင်သားကင်ဆာဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရကြောင်း ဧပြီ ၅ ရက်က အမေရိကန် သုတေသနစစ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်။*

ဤလေ့လာတွေ့ရှိချက်သည် ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အသက် ၂၀ မှ ၇၅ နှစ်ရှိ တရုတ်အမျိုးသမီး ၄၈၈၆ ဦးအား ရင်သားကင်ဆာအဆင့် ၁ မှ အဆင့် ၄ အထိ ရောဂါလက္ခဏာဖြစ်ပွားခြင်းရှိ မရှိကို ဆန်းစစ်လေ့လာခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

ပုံမှန်စားသုံး

အဆိုပါတရုတ်အမျိုးသမီးများသည် ရှန်ဟိုင်းရင်သားကင်ဆာတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ကြသူများဖြစ်သည်။ ယင်းအမျိုးသမီးများသည် ရင်သားကင်ဆာ ရောဂါလက္ခဏာတွေ့ရပြီးနောက် ၃၆ လကြာ ဂေါ်ဖီထုပ်၊ ဘရိုကိုလီနှင့် အစိမ်းရောင်ရှိ အရွက်များကို စားသုံးခဲ့ရာ ယင်းအသီးအနှံများလုံးဝမစားသော အမျိုးသမီးများထက် ၆၂ ရာခိုင်နှုန်းအထိ ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းခဲ့သည်ဟု ဆိုသည်။ ရင်သားကင်ဆာဖြစ်ပွားနေပြီး သေလုမျောပါးဖြစ်နေသည့် အမျိုးသမီးများသည် ဂေါ်ဖီထုပ်ကို ပုံမှန်စားသုံးခြင်းကြောင့် ရောဂါဖြစ်ပွားမှုနှုန်း ၆၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ***(အင်တာနက်)***

အဝလွန်ခြင်းပြဿနာ ကျောက်ကပ်ကင်ဆာဖြစ်ပွားနိုင်

လန်ဒန် ဧပြီ ၆



ကျောက်ကပ်ကင်ဆာဖြစ်ပွားသူဦးရေတိုးလာရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ အဝလွန်ခြင်းကြောင့်ဖြစ်ကြောင်း၊ ဗြိတိသျှကင်ဆာ ကျွမ်းကျင်သူများက ပြောကြားသည်ကို ဧပြီ ၅ ရက်က အင်တာနက်တွင် သတင်း ဖော်ပြထားသည်။ **(ယာပုံ)**

ဗြိတိန်နိုင်ငံတွင် ၁၉၇၅ ခုနှစ်က ကျောက်ကပ်ကင်ဆာဖြစ်ပွားသူ ၂၃၀၀ အောက်ရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ၉၀၀၀ ကျော်အထိ တိုးလာကြောင်း ဗြိတိသျှကင်ဆာသုတေသနအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အဝလွန်ခြင်းသည် ကျောက်ကပ်ကင်ဆာဖြစ်ပွားနိုင်ခြေ ၇၀ ရာခိုင်နှုန်း ရှိသည်။ ဆေးလိပ်သောက်သုံးမှုကြောင့် ကျောက်ကပ် ကင်ဆာဖြစ်ပွားနိုင်ခြေမှာ ၅၀ ရာခိုင်နှုန်းသာရှိသည်ဟုဆိုသည်။ လူတို့အနေဖြင့် အဝလွန်မှုကြောင့် ကင်ဆာဖြစ်ပွားနိုင်ကြောင်းကို ပိုမို သိရှိအလေးထားရန် လိုအပ်လာပြီဖြစ်ကြောင်း ဗြိတိသျှကင်ဆာသုတေသနဌာနက ပြောကြားသည်။ ကျောက်ကပ်ကင်ဆာသည် အဖြစ်အများဆုံးကင်ဆာရှစ်မျိုးအနက်မှ တစ်ခုအပါအဝင်ဖြစ်သည်။ ဆီးအတွင်းမှသွေးသည် တစ်စုံတစ်ရာ မှားယွင်းနေကြောင်း စောစီးစွာ လက္ခဏာပြတတ်သည်။ သို့သော်လည်း ကျောက်ကပ်ကင်ဆာသည် စောစီးစွာ သိရှိရလျှင် ကုသပျောက်ကင်းနိုင်သည်။ **(အင်တာနက်)**

ဆင်ခြင်သတိပြုရမည့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှု

လန်ဒန် ဧပြီ ၆

လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၈ ရာခိုင်နှုန်းအထိတိုးလာကြောင်း ဗြိတိသျှကင်ဆာသုတေသနဌာနက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာရောဂါလက္ခဏာ တွေ့ရှိပြီးနောက် အသက်ရှည်နေထိုင်နိုင်အောင် ကုသပေးနေစဉ်မှာပင် သေဆုံးသူ အရေအတွက် တိုးလာနေခြင်းဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်က ပြဆိုလျက်ရှိသည်။ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုတိုးလာရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ အဝလွန်မှုကြောင့်ဖြစ်ကြောင်း အဆိုပါ ကင်ဆာသုတေသနဌာနက အတိအလင်းကြေညာထားသည်။ သားအိမ်ခေါင်းကင်ဆာသည် အမျိုးသမီးများတွင် အဖြစ်များသည့်ကင်ဆာလေးမျိုးအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ၁၉၇၀ ပြည့်လွန်နှစ်များမှ ၁၉၉၆ ခုနှစ်အထိ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားသူ အယောက် ၁၀၀၀၀၀ လျှင် ၁၃ ယောက်ခန့်မှာ ဖြစ်ပွားခဲ့သည်။ သားအိမ်ခေါင်းကင်ဆာကို မျိုးရိုးဗီဇအရလည်း ဖြစ်ပွားတတ်သဖြင့် ရောဂါဖြစ်ပွားသူ၏ မျိုးဆက်အလိုက် ကျန်းမာရေးစစ်ဆေးမှု ခံယူသင့်ပါသည်။ **(အပေါ်ပုံ)**

ယခုအခါ အမျိုးသမီးအယောက် ၁၀၀၀၀၀ လျှင် ၁၉ ယောက်ခန့်ဖြစ်ပွားလာသည်ကိုတွေ့ရသည်။ အမျိုးသမီး ၇၇ ရာခိုင်နှုန်းသည် ရောဂါဖြစ်ပွား၍ ကုသမှုခံယူလျှင် အနည်းဆုံးငါးနှစ်နေထိုင်နိုင်သည်ဟု ဆိုသည်။ အမျိုးသမီးတို့အနေဖြင့် သားအိမ်ခေါင်းကင်ဆာ မဖြစ်ပွားစေရေးအတွက် အဓိကအားဖြင့် အဝလွန်မှုကိုရှောင်ကြဉ်ရပါမည်။ ကျန်းမာရေးနှင့်ညီညွတ်အောင် စားသောက်ကြရပါမည်။ ယင်းအချက်သည် ကင်ဆာရောဂါဖြစ်ပွားမှု လျှော့ချရေးအတွက် အဓိကအရေးကြီးဆုံး အချက်တစ်ချက်ဖြစ်ပါသည်။ **(အင်တာနက်)**

7-4 (15).pmd 1 4/7/2012, 3:31 AM

နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ချစ်ကြည်ရင်းနှီးမှုကဏ္ဍများတွင် ပိုမိုတိုးမြှင့် တည်ဆောက်နိုင်မည်ဟုယုံကြည်

ရော်ဘာ၊ ဆီအုန်း၊ စားသောက်ကုန် စသည့် လုပ်ငန်းများတွင် အသေးစားနှင့် အလတ်စားစက်ရုံတည်ထောင်နိုင်

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်(၃)ခု ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်

လက်ခံ တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Korea-Myanmar Economic Cooperation Forum 2012 သို့ တက်ရောက်လာကြသည့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy မှ ဒုတိယဝန်ကြီး Mr. Cho Seok ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) VIP Holding Room ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Korea-Myanmar Economic Cooperation Forum 2012 သို့ တက်ရောက်လာကြသည့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy မှ ဒုတိယဝန်ကြီး Mr. Cho Seok ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များအား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) VIP Holding Room ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှုတ်ခွန်းဆက်ပြောကြားရာ၌ ယခု စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ လာရောက်သည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ချစ်ကြည်ရင်းနှီးမှုကဏ္ဍများတွင် ပိုမိုတိုးမြှင့် တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိကာလ စီးပွားရေးအခြေအနေများကို လေ့လာကာ အနာဂတ်အခွင့်အလမ်းကောင်းများကို ချဉ်းကပ်သုံးသပ်လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ထို့အပြင် နိုင်ငံ၏ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များအဖြစ် ဆောင်ရွက်နိုင်ရေး၊ IT ကဏ္ဍတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနိုင်သည့် ရော်ဘာ၊ ဆီအုန်း၊ စားသောက်ကုန် စသည့် လုပ်ငန်းများတွင် အသေးစားနှင့် အလတ်စားစက်ရုံ တည်ထောင်နိုင်ရေး၊ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်(၃)ခု ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ရာ ထားဝယ်အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သကဲ့သို့ သီလဝါအထူးစီးပွားရေးဇုန်ကို ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်၍ ကားလမ်း၊ ရထားလမ်းဆိုင်ရာ အဆင့်မြှင့်တင်မှုများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ လေကြောင်းပို့ဆောင်ဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး စသည့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းလမ်းညွှန်ပြောကြားသည်။

ယင်းနောက် ဧည့်သည်ဒုတိယဝန်ကြီးက ပြန်လည်နှုတ်ခွန်းဆက်ပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်သည့်အတွက် အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း၊ ယခု ရောက်ရှိလာသည့် မိမိတို့အဖွဲ့တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်လိုသည့် ကုမ္ပဏီပေါင်း ၈၆ ခုနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၇၀ ပါဝင်ပါကြောင်း၊ ယခုကဲ့သို့ Korea-Myanmar Economic Cooperation Forum 2012 ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအရပ်ရပ်တွင် ကိုရီးယားနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု အဆင့်(၄)နေရာ၌ ရပ်တည်နေပါကြောင်း၊ မိမိတို့အနေဖြင့် သဘာဝသယံဇာတ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု *စာမျက်နှာ ၃ ကော်လံ ၅* ◆

မြန်မာ့အလင်း နိုင်ငံတကာရုပ်ရှင် ကိုသစ္စာ - ရေးသားသည်

ကိုရီးယားရုပ်ရှင်မင်းသားဂျွန်စော ဇာတ်ကားသစ်ထွက်ရှိမည်



ဆိုးလ် ဧပြီ ၆

တောင်ကိုရီးယားရုပ်ရှင်မင်းသား ဆောင်ဆွန်ဟွန် (ဂျွန်စော)၏ Time Slip Dr.Jin အမည်ရှိ ဇာတ်ကားသစ်ကို ယခုနှစ်အတွင်း ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း ဧပြီ ၆ ရက်က သတင်းထုတ်ပြန်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၄* ✳

သင်္ကြန်မြင်ကွင်းသတင်းပဒေသာ

ခင်ရတနာ - ရေးသားသည်

သင်္ကြန်နှင့် ရေပူဖောင်းအန္တရာယ်

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့ရှိ စတိုးဆိုင်များနှင့် ကုန်စုံအရောင်းဆိုင် ဈေးကွက်များအတွင်း လွန်ခဲ့သည့် ငါးနှစ်ခန့်မှ ပျောက်ကွယ်လျက်ရှိသည့် ကလေးကစားစရာ ရေပူဖောင်းရောင်းဝယ်မှုများ ပြန်လည်ရေပန်းစားလျက်ရှိခြင်းကြောင့် သင်္ကြန်ရေပက်ခံထွက်လိုသူများ စိုးရိမ်မကင်းဖြစ်နေကြကြောင်း သိရှိရသည်။

"သက်ဆိုင်ရာက တားမြစ်ထားလို့ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းက ရေပူဖောင်းရောင်းချမှုတွေ မရှိသလောက်ဖြစ်ခဲ့တာ၊ ဒီနှစ်တော့ သင်္ကြန်မရောက်ခင် တစ်လလောက် အလိုကတည်းက ဆိုင်တွေမှာ *စာမျက်နှာ ၅ ကော်လံ ၄* ❍

မြန်မာ့အလင်း နိုင်ငံတကာအားကစား မောင်မောင်မြင့်ဆွေ - ရေးသားသည်

ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များယှဉ်ပြိုင်

ဘီလ်ဘာအို၊ ဗလင်စီယာ၊ စပို့တင်းနှင့် အက်သလက်တီကို အကြိုဗိုလ်လုပွဲတက်

ဘာလင် ဧပြီ ၆

ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ ဘောလုံးပွဲစဉ်များကို ဧပြီ ၆ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘီလ်ဘာအိုနှင့် ရှော်ကေးတို့ပွဲတွင် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရာ ဘီလ်ဘာအိုက နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။ **(ဝဲပုံ)**

စာမျက်နှာ ၁၁ ကော်လံ ၁ ●